# ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု
# ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၂၄ ခုနှစ်

# The Constitution
# of
# Federal Democratic Union

2024

**ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ**

**People’s Representatives Committee for Federal**

**PRCF**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၃ |
| အခန်း (၁) | ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ဝိသေသလက္ခဏာများနှင့် အခြေခံမူများ | ၅ |
| အခန်း (၂) | မူလအခွင့်အရေးများ | ၁၂ |
| အခန်း (၃) | ဖက်ဒရယ်ဒီမိုကရစီပြည်ထောင်စုဖွဲ့စည်းပုံ | ၂၁ |
| အခန်း (၄) | ပြည်ထောင်စုဥပဒေပြုရေး | ၂၂ |
| အခန်း (၅) | ပြည်ထောင်စုအုပ်ချုပ်ရေး | ၃၃ |
| အခန်း (၆) | ပြည်ထောင်စုတရားစီရင်ရေး | ၄၉ |
| အခန်း (၇) | ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေး | ၅၈ |
| အခန်း (၈) | အာဏာခွဲဝေခြင်း | ၆၂ |
| အခန်း (၉) | ဖက်ဒရယ်ဘဏ္ဍာရေး အစီအမံများ | ၆၅ |
| အခန်း (၁၀) | လွတ်လပ်သော အဖွဲ့အစည်းများ | ၆၉ |
| အခန်း (၁၁) | စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း | ၇၆ |
| အခန်း (၁၂) | အစိုးရအချင်းချင်းအကြား ဆက်ဆံရေး | ၈၀ |
| အခန်း (၁၃) | အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ | ၈၃ |
| အခန်း (၁၄) | အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ | ၈၆ |
| အခန်း (၁၅) | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း | ၈၇ |
| အခန်း (၁၆) | အထွေထွေပြဋ္ဌာန်းချက်များ | ၈၈ |

# နိဒါန်း

ဖက်ဒရယ်ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုတည်းဟူသော လောကပါလတရားကို ဦးထိပ်ထားလျက် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ မွေးရာပါ အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားအသိအမှတ်ပြုသော ပြည်ထောင်စု၏ စံတန်ဖိုးများ၊ အခြေခံမှုများဖြင့် ငြိမ်းချမ်းသာယာဝပြော၍ ထာဝစဉ် အစွန့်ရှည် တည်တံ့ခိုင်မြဲမည့် ဖက်ဒရယ်ပြည်ထောင်စုကို စုပေါင်းညီညာ တည်ဆောက်အံ့သောငှာ ဤဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းအပ်ပေသည်။

၁၉၄၇ ခုနှစ်တွင် ဖက်ဒရယ်ရှမ်းပြည်ရှိ ပင်လုံမြို့၌ ဗမာပြည်မနှင့် တောင်တန်းဒေသခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ပြီး ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရန် သဘောတူခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်ခြင်းသည် ပဋိပက္ခဖြစ်ခြင်းထက် ကောင်းမွန်သည်ဟုလည်းကောင်း၊ စည်းလုံးညီညွတ်ခြင်းသည် အစိတ်စိတ်အပိုင်းပိုင်းဖြစ်ခြင်းထက် ကောင်းမွန်သည်ဟုလည်းကောင်း၊ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ပေးခြင်းသည် မမျှမတ ပြုမှုဆက်ဆံခံရခြင်းထက် သာလွန်သည်ဟုလည်းကောင်း၊ ပေါင်းကူးတံတားများသည် နံရံအတားအဆီးများထက် သာလွန်ကောင်းမွန်သည်ဟုလည်းကောင်း ယုံကြည်ခဲ့ကြသည်။

ဤယုံကြည်ချက်တို့သည် ရိုးရှင်းလွန်းသော်ငြား လွန်စွာမှ စွမ်းအား ရှိပေသည်။ မိမိတို့သည် အတူတကွ စုပေါင်းတည်ရှိခြင်းဖြင့် ပိုမိုသန်စွမ်းကြမည်ဟု ယုံကြည်ခဲ့ကြသည်။

မိမိတို့သည် ဖက်ဒရယ်စနစ်ကသာလျှင် ပြည်ထောင်စု၏ အရင်းခံပဋိပက္ခများအား ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်။ မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism)ကို ယုံကြည်လက်ခံ ကျင့်သုံးမည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုအား စုပေါင်းတည်ထောင်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်များ သဘောတူလက်မှတ် ရေးထိုးခဲ့သည့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံမူ တို့အပေါ်တွင် အခြေခံသည်။ ၁၉၆၁ ခုနှစ် ပြည်နယ်ပေါင်းစုံ ညီလာခံတွင် ချမှတ်အတည်ပြုခဲ့သည့် ပြည်ထောင်စုစစ်စစ်မူကို အခြေခံသည်။

မိမိတို့သည် ပြည်သူတို့ကို နိုင်ငံ၏ ရှင်သန်မြဲ သဘာဝစွမ်းအားအရင်းအမြစ်များအဖြစ် မှတ်ယူသည်။ ကောင်းမွန်သော ပညာရေးသည် နိုင်ငံအတွက် အလေးထားရမည့် အခြေခံလူ့အခွင့်အရေးဖြစ်သည်ဟု ယုံကြည်သည့်အလျောက် နေရပ်၊ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးကို ဖော်ဆောင်မည်။

နိုင်ငံသားအခွင့်အရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ အမျိုးသမီးအခွင့်အရေး၊ အလုပ်သမားအခွင့်အရေးနှင့် မသန်စွမ်းသူတို့၏ အခွင့်အရေးတို့ကို အာမခံပြီး နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အား အကာအကွယ်ပြုရေးတို့ကို ကိုင်စွဲသည်။ နိုင်ငံသားများ၏ အလုပ်နှင့် မိသားစုဘဝ သဟဇာတဖြစ်စေရေး၊ တူညီသောအလုပ်တွင် အမျိုးသား၊ အမျိုးသမီးများ တန်းတူ လုပ်ခလစာ ရရှိရေးနှင့် လုပ်ငန်းမှ ဂုဏ်သိက္ခာရှိရှိ ပင်စင်ရယူနိုင်ရေးကို အာမခံသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ သမိုင်းအမွေအနှစ်များအား တန်ဖိုးထားမြတ်နိုးကာ လူမျိုးပေါင်းစုံ အတူတကွ စုပေါင်းနေထိုင်ခြင်း၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများအား အပြန်အလှန် အသိအမှတ်ပြုလေးစားခြင်းတို့ကို အလေးထား၍ ဂုဏ်ယူစွာ လိုက်နာကျင့်သုံးမည်။

စုံလင်ကွဲပြားမှုကို စံတန်ဖိုးအဖြစ် ခံယူသည့်အလျောက် မတူညီသော အတွေးအမြင်နှင့် ယုံကြည်မှုများအား လက်ခံခြင်း၊ အမြင်မတူသည်များ ရှိခဲ့လျှင်ပင် ပူးပေါင်းလုပ်ကိုင်နိုင်ခြင်း၊ ဘုံသဘောထားများအား ရှာဖွေဖော်ထုတ်ခြင်းတို့ကို ကျင့်သုံးသည်။

အချုပ်အခြာအာဏာ၏ မူလရင်းမြစ်သည် ပြည်သူလူထုဖြစ်ကြောင်း အာမခံသည်။ နိုင်ငံ့အာဏာသည် ပြည်သူတို့၏ လက်ထဲတွင် ရှိကြောင်း အစဉ် သေချာစေရမည်။

ပြည်သူသို့ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်အခွင့်အရေး၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား အာမခံသည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေကို စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းအင်အားဖြင့် စုပေါင်းပိုင်ဆိုင်သော ပြည်ထောင်စုကို ပြန်လည် တည်ဆောက်ရန် ရည်ရွယ်လျက် ရေးဆွဲပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ဝိသေသလက္ခဏာများနှင့် အခြေခံမူများ

၁။ ဤနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖြစ်သည်။

၂။ ဤပြည်ထောင်စုကို “ --- ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု” ဟု ခေါ်တွင်ရမည်။

၃။ ဤပြည်ထောင်စုသည် လူမျိုးပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ စုံလင်ကွဲပြားသော ဝိသေသလက္ခဏာများဖြင့် စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်။

၄။ ပြည်ထောင်စုစံတန်ဖိုး

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် အောက်ပါတို့ကို ပြည်ထောင်စုစံတန်ဖိုးအဖြစ် ယုံကြည်လက်ခံသည်။

(က) ဒီမိုကရေစီအခွင့်အရေး၊ ဂျဲန်ဒါ တန်းတူရေး နှင့် အခြေခံလူ့အခွင့်အရေးများ၊

(ခ) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊

(ဂ) စုပေါင်းခေါင်းဆောင်ခြင်း၊

(ဃ) စုံလင်ကွဲပြားမှုကို လက်ခံခြင်း၊ သဟဇာတဖြစ်ခြင်း၊ ညီညွတ်ခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း၊

(င) လူနည်းစုအခွင့်အရေးကို ကာကွယ်ခြင်း၊

၅။ လမ်းညွှန်အခြေခံမူများ

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးသည် နိုင်ငံရေးအရ တန်းတူသည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

(ဃ) အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ အခွန်ဘဏ္ဍာခွဲဝေမှုနှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်တို့ကို ကျင့်သုံးသည်။ အာဏာခွဲဝေရာတွင် ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရ၏ လုပ်ဆောင်နိုင်စွမ်းထက်ကျော်လွန်သည့် ကိစ္စရပ်များကိုသာ အထက်အစိုးရအဆင့်ဆင့်က တာဝန်ယူဆောင်ရွက်ရသည့် ဥပဒေသ (subsidiarity principle) ကို ကျင့်သုံးသည်။

(င) ဖက်ဒရယ် ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့်စီမံအုပ်ချုပ်မှု အောက်တွင် ရှိသည်။ လူသားလုံခြုံရေးကို အခြေခံသည့် မူဝါဒ ကျင့်သုံးသည်။

## အခြေခံမူများ

၆။ ပြည်ထောင်စု၏အချုပ်အခြာအာဏာ

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်ကြသည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လွတ်လပ်စွာပိုင်းခြားကျင့်သုံးခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ရှိစေရမည်။

(ဂ) ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး၏ ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သောအခွင့် အာဏာများကိုသာ ပြည်ထောင်စုသို့ အပ်နှင်းသည်။ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြု အာဏာများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်နေသည့်အာဏာများသည် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များတွင် တည်ရှိသည်။

၇။ ပြည်ထောင်စု၏ အသွင်သဏ္ဍာန်

(က) ဒီမိုကရေစီအခွင့်အရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု အင်္ဂါရပ်များနှင့် ပြည့်စုံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်သည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တိုင်းတွင် သီးခြားဥပဒေပြုရေးအာဏာ၊ သီးခြားအုပ်ချုပ်ရေးအာဏာနှင့် သီးခြားတရားစီရင်ရေးအာဏာတို့ ရှိသည်။

၈။ ပြည်ထောင်စုဥပဒေပြုရေး

(က) ဖက်ဒရယ်လွှတ်တော်ကို ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော် တို့ဖြင့် ဖွဲ့စည်းသည်။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက အရေအတွက် တူညီစွာ ရွေးချယ် စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ ဖက်ဒရယ်အောက်လွှတ်တော်ကို လူဦးရေအပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ မြို့နယ်အပေါ်တွင် အခြေခံ၍သော်လည်းကောင်း ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းသည်။

(ဂ) ယင်းလွှတ်တော်နှစ်ရပ်သည် တူညီသည့် ဥပဒေပြုအာဏာရှိပြီး ပြည်ထောင်စုဥပဒေများကို ရေးဆွဲပြဋ္ဌာန်း သည်။

(ဃ) ဖယ်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေဖြစ်သည်။

၉။ ပြည်ထောင်စုအုပ်ချုပ်ရေး

(က) ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သောစနစ် ဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သောစနစ်တွင် ပြည်ထောင်စုသမ္မတ ထားရှိသောစနစ်လည်း ဖြစ်သည်။

ပြည်ထောင်စုသမ္မတ

(ခ) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စု၏ဦးသျှောင် ဖြစ်သည်။

(ဂ) ပြည်နယ်လွှတ်တော် အသီးသီးက တစ်ပြည်နယ်လျှင် တစ်ဦးကျစီ ပေးပို့သော သမ္မတလောင်းများအနက် တစ်ဦးကို ပြည်ထောင်စုသမ္မတအဖြစ် အထက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော် ထောက်ခံမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ဃ) ပြည်ထောင်စုသမ္မတသည် ဖယ်ဒရယ်လွှတ်တော်ကို တာဝန်ခံရမည်။

(င) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ အားလုံး၏ စစ်သေနာပတိချုပ် ဖြစ်သည်။

(စ) အမြင့်ဆုံးအရေးပေါ်အခြေအနေကို ပြည်ထောင်စုသမ္မတက ထုတ်ပြန်ရမည်။

ပြည်ထောင်စုဝန်ကြီးချုပ်

(ဆ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရကို ပြည်ထောင်စုဝန်ကြီးချုပ် ဦးဆောင်သော ဝန်ကြီးအဖွဲ့ဖြင့် ဖွဲ့စည်းရမည်။

(ဇ) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအနက်မှ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲဖြင့် ပြည်ထောင်စုဝန်ကြီးချုပ်အား ရွေးကောက်တင်မြှောက်ပြီး ပြည်ထောင်စုသမ္မတက အတည်ပြုပေးရမည်။

(ဈ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်အောက်လွှတ်တော်ကို တာဝန်ခံရမည်။

၁၀။ ပြည်ထောင်စုတရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

(က) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ အဆင့်ဆင့် ဖွဲ့စည်းထားရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးသည် ဖက်ဒရယ်ပြည်ထောင်စု၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များမှအပ ဖက်ဒရယ်ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်ကို ပြည်ထောင်စုသမ္မတက အဆိုပြုတင်သွင်း၍ ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တစ်ခုခု အကြားတွင်လည်းကောင်း၊ ပြည်နယ်အချင်းချင်း အကြားတွင်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သောအငြင်းပွားမှုများကို ဖြေရှင်း ဆောင်ရွက်ရန်အတွက် သီးခြားလွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းရမည်။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(စ) စစ်ဘက်ဆိုင်ရာပြစ်မှုများအား စီရင်ဆုံးဖြတ်ရန် စစ်ဘက်ဆိုင်ရာ တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်း ထားရှိရမည်။ စစ်ဘက်ဆိုင်ရာပြစ်မှုများအပြင် နယ်ဘက်ဆိုင်ရာပြစ်မှုများပါ ကျူးလွန်လျှင် နယ်ဘက်ဆိုင်ရာ တရားရုံးအဆင့်ဆင့်သို့ ဆက်လက်လွှဲအပ် စီရင်ဆောင်ရွက်ရမည်။

၁၁။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

(ခ) ပြည်နယ်တွင်း ဒေသန္တရအဆင့် လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်း တိကျစွာ ဖော်ပြပြီး ၎င်း၏အခွန်ဘဏ္ဍာကောက်ယူနိုင်သည့် စာရင်းကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်း ထားရမည်။

(ဂ) ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှု၊ သဘာဝ ပတ်ဝန်းကျင်၊ ဓလေ့ထုံးတမ်း စသည့် ကဏ္ဍအသီးသီးနှင့်သက်ဆိုင်သော အခွင့်အရေးများကို ဖော်ထုတ် ကာကွယ်ထိန်းသိမ်း မြှင့်တင်ခွင့် ရှိစေရမည် ။

၁၂။ လွတ်လပ်သော ကော်မရှင်များ

ဖက်ဒရယ်ပြည်ထောင်စုတွင် အောက်ဖော်ပြပါ လွတ်လပ်သောကော်မရှင်များကို ဖွဲ့စည်းထားရှိရမည်။ လိုအပ်ပါက အခြားကော်မရှင်များကိုလည်း ဖွဲ့စည်းနိုင်သည်။

(က) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်

(ခ) ရွေးကောက်ပွဲကော်မရှင်

(ဂ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်

(ဃ) သတင်းအချက်အလက်သိပိုင်ခွင့်ကော်မရှင်

(င) ဂျန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မရှင်

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မရှင်

၁၃။ ဘာသာရေးကို အခြေမခံသောနိုင်ငံ

ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့်ဘာသာရေး ရောယှက်ခြင်းမရှိသော၊ ဘာသာရေးကို အခြေမခံ သော နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်။

၁၄။ နိုင်ငံရေးစနစ်

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။

(ခ) နိုင်ငံရေးပါတီများကို ဒီမိုကရေစီအခြေခံမူများ၊ ကျင့်စဉ်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းထူထောင် နိုင်သည်။ နိုင်ငံရေးပါတီများဆိုင်ရာဥပဒေကို ဖက်ဒရယ်လွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

(ဂ) ဖက်ဒရယ်လွှတ်တော်ရွေးကောက်ပွဲနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ဖက်ဒရယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းပေးရမည်။

၁၅။ ဖက်ဒရယ်ပညာရေး

မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ဖက်ဒရယ်ပညာရေးစနစ်ကို ဖော်ဆောင်ရမည်။

၁၆။ ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်

(က) ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်နယ်အဆင့် အစိုးရများအကြား တိကျ၍ စည်းစနစ်ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့်စာရင်းကို တိကျစွာ ဥပဒေပြု ပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုအခွန်ဘဏ္ဍာကောက်ခံသောယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာကောက်ခံသောယန္တရားတို့ သီးခြားစီ ရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဘက်စုံညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေးအစီအစဉ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

၁၇။ မြေနှင့်သဘာဝသယံဇာတ

(က) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ရေ၊ မြေနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း၊ ခွဲဝေခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရမည်။

(ခ) ပြည်နယ်အတွင်းရှိ ရေ၊ မြေနှင့် သဘာဝသယံဇာတအရင်းအမြစ်အားလုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်း နေထိုင်သော ပြည်နယ်သားများဖြစ်သည်။ ပြည်နယ်အတွင်းရှိသဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်း ရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည်နယ်က လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတဝင်ငွေများအနက် အမြောက်အမြားထွက်ရှိသော သယံဇာတမှ ရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်က အပြည့်အဝအကျိုးခံစားခွင့်ရှိသည်။ သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှု ရှိရမည်။ သဘာဝသယံဇာတများ ထုတ်ယူသည့်အတွက် ဖြစ်ပေါ်လာမည့် ဒေသတွင်းလူထု၏ ကျန်းမာရေးဆိုင်ရာ သက်ရောက်သည့်ဆိုးကျိုးများ၊ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးစေသည့်သက်ရောက်မှုများ၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးသွားသော ဂေဟစနစ်တို့ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေ တစ်ရပ် ကောက်ခံပြီး ထိခိုက်ပျက်စီးဆုံးရှုံးခံရသည့် ဒေသနေပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်အား ပြန်လည်ကုစားရေး ရန်ပုံငွေအစီအစဉ်တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ရမည်။

၁၈။ အခြေခံအခွင့်အရေးများနှင့် တိုင်းရင်းသားလူနည်းစုများ၏အခွင့်အရေးများ

(က) ပြည်ထောင်စုတွင် နေထိုင်သူတိုင်းသည် အခြေခံလူ့အခွင့်အရေးကို အပြည့်အဝ ခံစားခွင့် ရှိရမည်။

(ခ) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တစ်သီးပုဂ္ဂလအခွင့်အရေးများနှင့် တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက် ခံစားခွင့်ရှိသည့် စုပေါင်း အခွင့်အရေးများကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိရမည်။

(ဂ) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုး မဟုတ်သော်လည်း ပြည်ထောင်စု၏နိုင်ငံသားအဖြစ် ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို အပြည့်အဝ ခံစားခွင့်ရှိရမည်။

(ဃ) လိင်ကွဲပြားမှု နှင့် ဂျဲန်ဒါ ကို အခြေခံပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ခွဲခြားဆက်ဆံမှုမှန်သမျှကို ပိတ်ပင်ဟန့်တားရမည့်အပြင် မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းများ ရှိရမည်။

(င) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကားများကို အခြေခံ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့် ရှိစေရမည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခွင့်အရေး အဖြစ် ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို မည်သည့်အခြေအနေတွင်မျှ ရုပ်သိမ်းဟန့်တားခြင်း မရှိစေရ။ တိုင်းရင်းသားလူမျိုးစုငယ်များအား နိုင်ငံရေးနှင့် ဆုံးဖြတ်ချက် ချမှတ်သည့်အခန်းကဏ္ဍတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်နှင့် ဒေသန္တရအုပ်ချုပ်မှုများတွင် ဦးစားပေးမှု သို့မဟုတ် သီးသန့်နေရာပေးမှုများကို ဆောင်ရွက်ပေးရမည်။

(စ) တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကားကို ကျောင်းပညာသင်ကြားမှုတွင် တရားဝင်လက်တွေ့သင်ကြား အသုံးပြုရမည့်အပြင် ပြည်ထောင်စုတိုင်းရင်းသားဘာသာစကားများကို သင်ကြားပို့ချနိုင်သည့် အဆင့်မြင့်ပညာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့် အင်စတီကျူးရှင်းများကို ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၉။ ဖက်ဒရယ်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအခြေခံမူ

(က) ဖက်ဒရယ်ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသားလုံခြုံရေးကို အခြေခံရမည်။ ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိရမည်။

(ခ) ဖက်ဒရယ်လွှတ်တော်သည် ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို ဖက်ဒရယ်လွှတ်တော်က စိစစ် အတည်ပြု ပေးရမည်။

(ဂ) ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားစီ ဖွဲ့စည်းရမည်။ ပြည်နယ်လုံခြုံရေးတပ်ဖွဲ့စည်းခွင့် ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့သည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့၏ အသုံးစရိတ်များကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

(ဃ) ပြည်ထောင်စုလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတွင်လည်းကောင်း၊ သဘာဝကပ်ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့များအား အသုံးပြုမှုနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ် အစိုးရတို့က ညှိနှိုင်း ဆုံးဖြတ်ဆောင်ရွက်ရမည်။

၂၀။ ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ်

ပြည်သူ့လုံခြုံရေး၊ ရပ်ရွာလူထုအား ဘေးအန္တရာယ်မှ တားဆီးကာကွယ်ပေးရေးနှင့် ပြည်ထောင်စု ကာကွယ်ရေးစသည့် ဝန်ဆောင်မှုတို့ကို အာမခံသည့် အဖွဲ့အစည်းပေါင်းစုံ၊ အင်အားစုပေါင်းစုံ၊ လူမျိုးပေါင်းစုံစသည့် ဘက်ပေါင်းစုံ လွှမ်းခြုံပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ် တစ်ရပ် တည်ဆောက်ရမည်။

ဝန်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့်ရှိ ပြည်သူ့အစိုးရများအကြား ခွဲဝေထားသည့် လုပ်ပိုင်ခွင့်အာဏာ၊ သီးခြားလုပ်ပိုင်ခွင့်အာဏာနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် အာဏာများအတိုင်း မျှဝေကျင့်သုံးရမည်။

ထိုသို့ကျင့်သုံးရာတွင် ဒေသခံတို့၏ ဓလေ့ထုံးတမ်းများ၊ စိုးရိမ်ချက်များနှင့် လိုအပ်ချက်များကို ထင်ဟပ် စေမည့် သက်ဆိုင်ရာ နေရာဒေသ ပထဝီ ဦးစားပေး မဟာဗျူဟာ ချမှတ်ခြင်းနှင့် လုံခြုံရေး အမှုထမ်းများ ခန့်အပ် တာဝန်ချထားခြင်းတို့ကို လုပ်ဆောင်ရမည်။

၂၁။ စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း

(က) စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ရွေးချယ်ခြင်း နှင့် လေ့ကျင့်သင်ကြားခြင်းအတွက် တိကျသည့် မူဝါဒများ ရေးဆွဲပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ဝန်ထမ်းလေ့ကျင့် သင်ကြားရေး ကျောင်းများတွင် သင်ကြားမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ စံနှုန်းများကို ပြည်ထောင်စုအစိုးရက သတ်မှတ် ပြဋ္ဌာန်းပေးရမည်။

(ခ) ပြည်နယ်များတွင်တာဝန်ထမ်းဆောင်မည့်သူများအတွက် သက်ဆိုင်ရာပြည်နယ်တွင် စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်းဆိုင်ရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်သင်ကြားရေးကျောင်းများ သီးခြားဖွင့်လှစ်ခွင့် ရှိသည်။

၂၂။ အစိုးရအချင်းချင်းအကြားဆက်ဆံရေး

(က) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်လည်းကောင်း၊ ပြည်နယ်အချင်းချင်းကြားတွင် လည်းကောင်း အငြင်းပွားစရာများ၊ ပြဿနာများ ပေါ်ပေါက်ပါက ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်နှင့် လုပ်ငန်းဆောင်တာများကို အတူအကွ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် ပူးတွဲကော်မတီတို့ကို ဖွဲ့စည်းနိုင်သည်။ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်၏ လိုအပ်ချက်အရ ကော်မတီသက်တမ်းကို သတ်မှတ် ထားရှိရမည်။

(ခ) ပြည်နယ်အကြီးအကဲများသည် ပြည်ထောင်စုအဂ်ါစဉ်အရ ပြည်ထောင်စုဝန်ကြီးများ၏ အထက်တွင် ရှိသည်။

# အခန်း (၂)

# မူလအခွင့်အရေးများ

၂၃။ ကိုယ်ပိုင်အခွင့်အရေးများ

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် -

(က) အသက်ရှင် ရပ်တည်ပိုင်ခွင့် ရှိစေရမည်။

(ခ) လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အသားအရောင်၊ လူမှုအဆင့်အတန်း၊ အသက်အရွယ်၊ လိင်နှင့် လိင်စိတ်ကွဲပြားမှုများကြောင့် ခွဲခြားမှုမရှိစေရဘဲ တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေးနှင့် အခွင့်အလမ်း ရှိစေရမည်။

(ဂ) လွတ်လပ်စွာတွေးခေါ်ယုံကြည်ခွင့် ရှိစေရမည်။

(ဃ) လူပုဂ္ဂိုလ်တစ်ဦးအဖြစ် တရားဝင် အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး၊ လူ့ဂုဏ်သိက္ခာအား လေးစားစေမှုနှင့် ကာကွယ်ပေးမှု ရယူပိုင်ခွင့်ရှိစေရမည်။

(င) လူမျိုး၊ ဇာတိ၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ လူမှုအဆင့်အတန်း၊ နိုင်ငံရေးယုံကြည်မှု၊ အသက်အရွယ်၊ လိင်နှင့်လိင်စိတ်ကွဲပြားမှုတို့အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများ မရှိစေရ။

၂၄။ အခြေခံလွတ်လပ်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူ မည်သူမဆို -

(က) ကျွန်ပြုခြင်း မခံစေရ။

(ခ) အတင်းအဓမ္မ စေခိုင်းခံရခြင်း မရှိစေရ။

(ဂ) နှိပ်စက်ညှဉ်းပန်းခြင်း၊ လိင်ပိုင်းဆိုင်ရာအပါအဝင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ စော်ကားမှုပြုခြင်း၊ လူမဆန် ရက်စက်ပြုမူဆက်ဆံခြင်း မခံစေရ။

၂၅။ ရုပ်သိမ်းပိုင်ခွင့်မရှိသော အခွင့်အရေးများ

အထက် ပုဒ်မ (၂၃) ပါ ကိုယ်ပိုင်အခွင့်အရေးများနှင့် ပုဒ်မ (၂၄) ပါ အခြေခံလွတ်လပ်ခွင့်များကို မည်သည့် အခြေအနေ အောက်တွင်မျှ ရုပ်သိမ်းပိုင်ခွင့် မရှိစေရ။

၂၆။ ထုတ်ဖော်ပြောဆိုပြသခွင့်ဆိုင်ရာ အခြေခံရပိုင်ခွင့်များ

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် -

(က) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူခွင့်၊ ဖြန့်ချီခွင့် ရှိစေရမည်။

(ခ) လွတ်လပ်စွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာဆန္ဒပြခွင့် ရှိစေရမည်။

(ဂ) ဤပုဒ်မပါ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ဒီမိုကရေစီအခြေခံမှုများ၊ ကျင့်စဉ်များကို ဆန့်ကျင်ခြင်း၊ လူ့ဂုဏ်သိက္ခာအားထိခိုက်စေခြင်း ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိခိုက် ပျက်ပြားစေနိုင်ခြင်းများ ဖြစ်ပေါ်လာပါက ကန့်သတ် ဟန့်တားသည့် ဥပဒေကို ဖက်ဒရယ်လွှတ်တော်က ပြဋ္ဌာန်းရမည်။

၂၇။ ဘာသာရေးလွတ်လပ်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သောသူတိုင်းသည် မိမိရွေးချယ်ရာ ကိုးကွယ်သည့် ဘာသာကို မည်သူမျှ ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရဘဲ လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိသည်။ ဝတ်ပြုကိုးကွယ်ရာ နေရာများသည် ဝတ်ပြုရန် လွတ်လပ်မှုရှိရမည်။ မည်သည့်ဘာသာကိုမျှ မကိုးကွယ်ဘဲ နေနိုင်သည့် အခွင့်အရေး လည်းရှိသည်။

၂၈။ ကိုယ်ပိုင်လွတ်လပ်ခွင့် အခွင့်အရေးများ

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူ မည်သူမဆို -

(က) လူပုဂ္ဂိုလ်တစ်ဦးဦး၊ မိသားစု၊ နေအိမ် ဥပစာအတွင်း စာပေးစာယူနှင့် အီလက်ထရောနစ် ဆက်သွယ်ခြင်း အပါအဝင် ကိုယ်ပိုင်လွပ်လပ်မှုတို့ကို ဥပဒေနှင့်အညီမဟုတ်သော နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းများ မခံထိုက်စေရ။

(ခ) ဥပဒေနှင့်မညီသောနည်းဖြင့် လူပုဂ္ဂိုလ်ကို ရှာဖွေခြင်း၊ ခေါ်ဆောင်ခြင်း၊ နေအိမ်ဥပစာအတွင်း ဝင်ရောက်ရှာဖွေခြင်း၊ ပိုင်ဆိုင်သည့်ပစ္စည်း သိမ်းယူခြင်းတို့ မရှိစေရ။

၂၉။ ဂျဲန်ဒါ တန်းတူညီမျှရေး

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်း မည်သည့် ဂျဲန်ဒါဖြစ်စေ၊ (LGBTIQ စသည့် လိင်စိတ် ကွဲပြားသူများ အပါအဝင်) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် မိသားစုအစရှိသည့် နယ်ပယ်အသီးသီးတွင် ခွဲခြားဆက်ဆံခြင်းမခံရဘဲ ရပိုင်ခွင့်များ၊ အခွင့်အလမ်းနှင့် ဝန်ဆောင်မှုများကို တန်းတူညီမျှ ခံစားပိုင်ခွင့်ရှိစေရမည်။

၃၀။ နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး

ဤဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာတည်သည့်နေ့တွင် နိုင်ငံသား ဖြစ်ပြီးသူများသည် ဤဖက်ဒရယ် ပြည်ထောင်စု၏ နိုင်ငံသားများဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူ မည်သူမဆို ဖက်ဒရယ် ပြည်ထောင်စု ဥပဒေပြဋ္ဌာန်းချက်များနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့်ရှိသည်။

## နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

၃၁။ လွတ်လပ်စွာ သွားလာခွင့်

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ပြည်ထောင်စုအတွင်း လွတ်လပ်စွာသွားလာခွင့် ရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ပြည်ထောင်စုမှ ပြည်ပသို့ ထွက်ခွာခွင့်၊ ပြည်ပမှ ပြည်ထောင်စု သို့ ပြန်လည်ဝင်ရောက်ခွင့် ရှိရမည်။

(ဂ) နိုင်ငံရေးခိုလှုံခွင့် တောင်းခံပိုင်ခွင့် ရှိစေရမည်။

၃၂။ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေး

(က) အရွယ်ရောက်ပြီးသူတိုင်းသည် လူမျိုး၊ ဘာသာ၊ လိင်စိတ်၊ လူမှုအဆင့်အတန်း မခွဲခြားဘဲ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ လက်ထပ်ပိုင်ခွင့်ရှိစေရမည်။

(ခ) လက်ထပ်ထိမ်းမြားခြင်းသည် မိမိ၏ဘာသာတရားနှင့် လူမျိုးသဏ္ဍာန် ရွေးချယ်မှုအခွင့်အရေးကို အလိုအလျောက် ပြောင်းလဲခြင်း မဖြစ်စေရ။ မိမိ၏လွတ်လပ်သော ဆန္ဒသဘောထားအရသာလျှင် ဖြစ်စေရမည်။

၃၃။ နိုင်ငံရေး အခွင့်အရေး

အရွယ်ရောက်သူ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် -

(က) တိုက်ရိုက်သော်လည်းကောင်း၊ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှတဆင့်သော်လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ) လွတ်လပ်သော ဆန္ဒဖော်ပြမှုကို အာမခံသည့် လွတ်လပ်၍ တရားမျှတမှုရှိသော ပုံမှန်ရွေးကောက်ပွဲများတွင်လည်းကောင်း၊ အခါအားလျော်စွာ ကျင်းပသော ရွေးကောက်ပွဲများတွင်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရှိစေရမည်။

၃၄။ အဖွဲ့အစည်းများ တည်ထောင်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် -

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခွင့်၊ သမဂ္ဂများ ထူထောင်ခွင့်နှင့် ပါဝင်ခွင့်ရှိသည်။

(ခ) အသင်းအဖွဲ့တစ်ခုခုသို့ ဝင်ရောက်ရန် အတင်းအကြပ် ပြုမူခံရခြင်း မရှိစေရ။

၃၅။ ဖမ်းဆီးချုပ်နှောင်ခံရသူ၏ အခွင့်အရေး

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူမည်သူမျှ ပြစ်မှုကျူးလွန်သည်ဟု ထင်မြင် ယူဆနိုင်ဖွယ်ရာ ခိုင်လုံသောအကြောင်းနှင့် တရားသူကြီးတစ်ဦးဦးက ဆင့်ထုတ်သော ဖမ်းဝရမ်းမရှိဘဲ သံသယဖြင့် ဖမ်းဆီးချုပ်နှောင် ခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်း မရှိစေရ။

(ခ) ဖမ်းဆီးခံရသူ (သို့မဟုတ်) ချုပ်နှောင်ခံရသူတိုင်းကို လူ့ဂုဏ်သိက္ခာနှင့်အညီ ပြုမူဆက်ဆံရမည်။

(ဂ) ဖမ်းဆီးချုပ်နှောင်ခံရသူ မည်သူ့ကိုမဆို ဖမ်းဝရမ်းအရ မဟုတ်လျှင် (၂၄) နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ။ (၂၄) နာရီထက် ကျော်လွန်၍ ချုပ်နှောင်ရန် လိုလောက်သောအကြောင်းရှိလျှင် အာဏာရှိသည့် သက်ဆိုင်ရာ အနီးဆုံးတရားရုံးသို့ အစီရင်ခံစာတင်ပြပြီး တရားသူကြီးတစ်ဦးဦး၏ ချုပ်မိန့်ဖြင့်သာ တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ချုပ်နှောင်ပိုင်ခွင့် ရှိစေရမည်။

၃၆။ ပြစ်မှုဆိုင်ရာစွဲဆိုခြင်း

(က) မည်သူမဆို ပြစ်မှုတစ်ခုခုနှင့် တရားစွဲဆိုခြင်းခံရပါက -

(၁) အဆိုပါပြစ်မှုနှင့် စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိ ကြားသိစေရမည်။

(၂) အမြန်ဆုံးအချိန်ကာလအတွင်း စစ်ဆေးကြားနာရမည်။

(၃) တရားစွဲဆိုခြင်းခံရသူ၏ဆန္ဒနှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရန် အတင်းအကြပ်ပြုခြင်း မရှိစေရ။

(၄) ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝရှိစေရမည်။

(၅) တရားစွဲဆိုခြင်းခံရသူ၏ကိုယ်စား ဥပဒေအကျိုးဆောင်ငှားရမ်းထုချေပိုင်ခွင့် (သို့မဟုတ်) ငှားရမ်းရန် အခက်အခဲရှိလျှင် ဥပဒေအကျိုးဆောင်အား အစိုးရက အခမဲ့ငှားရမ်းပေးသည့် အခွင့်အရေး ရှိစေရမည်။

(၆) တရားစွဲဆိုခြင်းခံရသူ နားလည်နိုင်သော ဘာသာစကားဖြင့် စစ်ဆေးကြားနာမှုကို ခံယူပိုင်ခွင့် ရှိစေရမည်။ ယင်းသို့ဆောင်ရွက်ရန် အခက်အခဲရှိပါက စကားပြန်၏ အကူအညီကို ရယူပိုင်ခွင့်ရှိစေရမည်။

(ခ) ဥပဒေအရ ထိခိုက်နစ်နာသူနှင့် သက်သေများ၏ အခွင့်အရေး (သို့မဟုတ်) တိုင်းပြည်လုံခြုံရေးကို ကာကွယ်ရန်ကဲ့သို့သော ဥပဒေတားမြစ်ချက်များမှအပ အများပြည်သူအတွက် ပွင့်လင်းမြင်သာမှုရှိသည့် တရားစီရင်ရေးဖြစ်ရမည်။

၃၇။ တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်

(က) ပြစ်မှုဖြစ်ပွားစဉ် အချိန်ကာလ၌ အတည်ဖြစ်နေသော တရားဥပဒေအရ စီရင်ရမည်။

(ခ) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်များ မချမှတ်ရ။

(ဂ) တရားသေလွှတ်ခြင်းခံရပြီးသူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆိုပါ ပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်း မပြုရ။

(ဃ) မည်သူမဆို ပြစ်မှုတစ်ခုအတွက် တစ်ကြိမ်ထက်ပို၍ ပြစ်ဒဏ်ချမှတ်ခြင်း မခံစေရ။

(င) မည်သည့် ဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်း မရှိစေရ။

(စ) အမှုရင်ဆိုင်နေရသူတိုင်းသည် ၎င်း၏ရှေ့နေနှင့် လျှို့ဝှက်စွာဆက်ဆံပြောဆိုနိုင်သော အထူးအခွင့်အရေး ရှိပြီး ထိုဆက်ဆံပြောဆိုခြင်းကို မည်သူမျှ ဝင်ရောက်နှောင့်ယှက်ခြင်း မရှိစေရ။

(ဆ) အမှုရင်ဆိုင်နေရသူတိုင်းသည် တရားစွဲဆိုသူကိုဖြစ်စေ၊ ဆန့်ကျင်ထွက်ဆိုသော သက်သေကိုဖြစ်စေ ဆန့်ကျင်ရင်ဆိုင်ပြီး တန်ပြန်မေးခွန်းထုတ်နိုင်သည့်အပြင် တင်ပြလာသော သက်သေ အထောက်အထားများကိုလည်း မေးခွန်းထုတ်နိုင်သည်။

(ဇ) အမှုနှင့်ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံရသူတိုင်းသည် ထိုစီရင်ချက်ကို ပြန်လည်သုံးသပ်ရန် အထက်အဆင့် တရားရုံးတစ်ခုခုထံသို့ အယူခံဝင်ပိုင်ခွင့်ရှိသည်။

**စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ နှင့် တာဝန်များ**

၃၈။ ပစ္စည်းပိုင်ဆိုင်ခွင့်

(က) နိုင်ငံသားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ပုဂ္ဂလိကပိုင်ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ပေးကမ်းခွင့်၊ စွန့်လွှတ်ခွင့်နှင့် အမွေဆက်ခံပိုင်ခွင့် ရှိရမည်။

(ခ) နိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူအကျိုး အလို့ငှာ ဥပဒေနှင့်အညီ ရုပ်သိမ်းမှုပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏ ပုဂ္ဂလိကအကျိုးနှင့် အများပြည်သူတို့၏ အကျိုးကို တရားမျှတစွာ ချိန်ဆ၍ ထိုက်တန်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့်ရှိစေရမည်။

(၁) ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးသည် ပုဂ္ဂလိက ပစ္စည်းဥစ္စာ အရုပ်သိမ်းခံရသူ၏ ထိခိုက်နစ်နာမှုထက် သာလွန်ကြောင်း ပြနိုင်ရမည်။

(၂) အများပြည်သူအကျိုးကို စိစစ်ရာတွင် လူတစ်ဦး၊ လူတစ်စုကိုသာ အကျိုးပြုသည့် အရာများကို မထည့်သွင်းရ။

(၃) ပစ္စည်းဥစ္စာ ရုပ်သိမ်းခံရသူ၏ ထိခိုက်နစ်နာမှုကို စိစစ်ရာတွင် ထိုရုပ်သိမ်းခြင်းကြောင့် ဖြစ်ပေါ်လာမည့် ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းဆိုင်ရာ ထိခိုက်နစ်နာမှုအားလုံးကို ထည့်သွင်းစိစစ်ရမည်။

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုခုကြောင့် ထိခိုက်နစ်နာမှုရှိသော လူမှုအသိုက်အဝန်းသည် ထိုစီမံကိန်းနှင့် ပတ်သက် သော အစိုးရ၏ဆုံးဖြတ်ချက် ဖြစ်စဉ်များတွင် ပါဝင်ခွင့်ရှိစေရမည်။

၃၉။ အလုပ်လုပ်ပိုင်ခွင့်

နိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ အမျိုးသား-အမျိုးသမီး၊ လိင်၊ လိင်စိတ်ကွဲပြားမှု၊ အသားအရောင်၊ လူမျိုးနှင့် အသက်အရွယ်တို့အားဖြင့် ခွဲခြားခြင်း မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။

၄၀။ စီးပွားရှာဖွေခွင့်

(က) နိုင်ငံသားတိုင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာစီးပွားရှာဖွေခွင့်နှင့် စီးပွားဆိုင်ရာ အဖွဲ့အစည်းများကို လွတ်လပ်စွာတည်ထောင်ပိုင်ခွင့် ရှိသည်။

(ခ) အထက်အပိုဒ် (က) ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် ပြည်ထောင်စုနှင့် သက်ဆိုင်ရာပြည်နယ်က ချမှတ်ထားသော စီးပွားရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများ၊ ပြည်ထောင်စုလုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။

၄၁။ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်

နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့် ရှိစေရမည်။

၄၂။ မိရိုးဖလာ အမွေအနှစ် ပိုင်ဆိုင်ခွင့်

မိရိုးဖလာအမွေအနှစ်များ၊ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်း အစဉ်အလာအရ သီးသန့်ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက် ထိန်းသိမ်းပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်းပိုင်ဆိုင်ခွင့် ရှိစေရမည်။

၄၃။ ပညာသင်ကြားပိုင်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် -

(က) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့် ရှိသည်။

(ခ) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိစေရမည်။

(ဂ) မိခင်ဘာသာစကားအခြေပြုပညာသင်ကြားရေးနှင့် ဘာသာစကားစုံ ပါဝင်သော အခြေခံပညာရေးကို မသင်မနေရ အခမဲ့သင်ကြားခွင့် ရရှိစေရမည်။

၄၄။ အခြေချနေထိုင်ခွင့်

နိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်သို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်း တို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရမည်။

၄၅။ ပညာသင်ကျောင်းများ တည်ထောင်ခွင့်

ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့် ပညာသင်ကျောင်းများ၊ ကိုယ်ထူကိုယ်ထကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အတတ်ပညာသင်ယူရာဌာနများကို သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေနှင့်အညီ တည်ထောင်ပိုင်ခွင့် ရှိရမည်။

၄၆။ ကျန်းမာရေးဆိုင်ရာအခွင့်အရေး

(က) အလုံးစုံသော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ကို ကျန်းမာရေး၏ အဓိကမှု အဖြစ် ကိုင်စွဲပြီး မည်သူ့ကိုမဆို အခြေခံကျန်းမာရေးအဆင့်တွင် ကာကွယ်စောင့်ရှောက်မှုနှင့် ကုသမှုကို တန်းတူညီမျှစွာ အခမဲ့ ရယူခံစားပိုင်ခွင့် ရှိစေရမည်။

(ခ) မည်သူကိုမဆို ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု၊ အသက်နှင့် ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံ ထားရှိမှုနှင့် လူမှုဖူလုံရေးအတွက် စီမံထားရှိမှုတို့ကို အစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဂ) နိုင်ငံသားတိုင်းသည် မိမိ၏ မျိုးပွားခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ခံပိုင်ခွင့် ရှိစေရမည်။

(ဃ) အမျိုးသမီးတို့၏ ကျန်းမာရေးဆိုင်ရာကိစ္စ၊ မျိုးပွားခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးရမည်။

၄၇။ ယဉ်ကျေးမှုအခွင့်အရေးများ

နိုင်ငံသားတိုင်းသည် မိမိတို့၏တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အစဉ်အလာများကို တိုးတက် ပြန့်ပွားအောင် လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

၄၈။ တိုင်းရင်းသားဘာသာစကား

နိုင်ငံသားတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်နှင့် သင်ယူပိုင်ခွင့်ရှိပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

## **အထူးစီမံဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးများ**

၄၉။ ဂျဲန်ဒါ တန်းတူညီမျှမှုဆိုင်ရာ စီမံမှု

ဂျဲန်ဒါ တန်းတူညီမျှမှု အခွင့်အရေးကို ဖော်ဆောင်နိုင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု၏ အဆင့်ဆင့် သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် အမျိုးသမီး (၃၀) ရာခိုင်နှုန်း အနည်းဆုံး ပါဝင်စေရန် စီမံဆောင်ရွက်ရမည်။

၅၀။ မသန်စွမ်းသူများအတွက် စီမံမှု

မသန်စွမ်းသူတို့၏ အခွင့်အရေးကို ဖော်ဆောင်နိုင်ရန်အတွက် အဆင့်ဆင့်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေး စီမံဆောင်ရွက်ရမည်။

၅၁။ ကလေးသူငယ်များအခွင့်အရေး

(က) ကလေးသူငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှု၊ ဖေးမကူညီမှုကို ရရှိခံစားပိုင်ခွင့်ရှိသည်။

(ခ) ကလေးသူငယ်များအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏ ဆန္ဒမပါဘဲ ၎င်းတို့၏ မိသားစုထံမှ ကွဲကွာအောင် အဓမ္မ မပြုလုပ်ရ။ ကလေးသူငယ်တို့ကို ကျွေးမွေး ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ တာဝန်ဝတ္တရား ဖြစ်သည်။ အကယ်၍ မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့က ဝတ္တရား ပျက်ကွက်လျှင်သော်လည်းကောင်း၊ တစ်နည်းနည်းကြောင့် ကလေးသူငယ်များ ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိမည့် အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးသူငယ်များအား မိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ကလေးသူငယ်များကို စီးပွားရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှု ပြုရမည်။ ၎င်းတို့၏ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရာယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ တစ်ခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ဥပဒေကို ပြဌာန်းပေးရမည်။

၅၂။ အလုပ်သမား အခွင့်အရေး

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး အတွက်

(၁) သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများ ရရှိခွင့် ရှိရမည်။

(၂) လူမှုဖူလုံရေးခံစားခွင့် ရှိရမည်။

(၃) မျှတသော အလုပ်ချိန်သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ခွင့် ရှိရမည်။

(၄) အားလပ်ရက်နှင့် ခွင့်ရက်များခံစားခွင့် ရှိရမည်။

(၅) အမျိုးသမီးများအတွက် မီးဖွားချိန် ခံစားပိုင်ခွင့် ရှိရမည်။

(၆) အမျိုးသားများနှင့် အမျိုးသမီးတို့သည် တန်းတူအခွင့်အရေး ရှိရမည်။ ခွဲခြားဆက်ဆံခြင်း မရှိစေရ။ တူညီသောအလုပ်တွင် တူညီသောလုပ်ခလစာများ ခံစားခွင့် ရှိရမည်။

(၇) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်နှင့် စည်းရုံးခွင့်များ ရရှိစေရမည်။

(ခ) အလုပ်သမားအခွင့်အရေး ဆိုင်ရာဥပဒေကို ပြဌာန်းပေးရမည်။

၅၃။ တောင်သူလယ်သမား အခွင့်အရေး

(က) တောင်သူလယ်သမားတိုင်းသည် -

(၁) သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ သိုလှောင်ခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရှိရမည်။

(၂) အခွန်အခ ဟူသမျှကို ငွေကြေးဖြင့် ပေးဆောင်ခွင့် ရှိရမည်။

(၃) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ငွေချေးငှားပိုင်ခွင့် ရှိရမည်။

(၄) လယ်ယာလုပ်ငန်းသုံး ကိုယ်ပိုင် ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် စက်ပစ္စည်းကိရိယာများအား မည်သည့်အကြောင်း ကိစ္စရပ်ကြောင့်မျှ သိမ်းဆည်းခံရခြင်း မရှိစေရ။

(ဂ) တောင်သူလယ်သမားသမဂ္ဂများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းခွင့် ရှိစေရမည်။

(ခ) တောင်သူလယ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရမည်။

၅၄။ တန်းတူအခွင့်အရေးဖော်ဆောင်ခြင်း

ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိသော တိုင်းရင်းသားလူမျိုးစုများအတွက်ဖြစ်စေ၊ စွမ်းဆောင်နိုင်မှုအခြေအနေ အားနည်းနိမ့်ပါးသော နိုင်ငံသားအစုအဖွဲ့များ အတွက်ဖြစ်စေ၊ ထုံးတမ်းစဉ်လာများအရ ဖယ်ကြဉ်ခြင်း ခံထားရသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အထူး စီမံဆောင်ရွက်ချက် များဖြင့် အကာအကွယ်ပေးခြင်း၊ စီမံဆောင်ရွက်ခြင်းတို့သည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရှိစေရမည် ဟူသော ပြဋ္ဌာန်းချက်ကြောင့် အဟန့်အတား မဖြစ်စေရ။

## အထွေထွေအခြေခံမူများ

၅၅။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး

(က) နိုင်ငံသားတိုင်းသည် လူတို့၏ပြုမူဆောင်ရွက်ချက်များအရလည်းကောင်း၊ သဘာဝအရလည်းကောင်း ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဆိုင်ရာ ဆိုးကျိုးများ ကြုံတွေ့ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်စေရမည့်အပြင် သဘာဝတရားနှင့် ကိုက်ညီ၍ ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိရန် အခွင့်အရေး ရှိသည်။

(ခ) လူနည်းစုဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ၎င်းတို့အခြေချ နေထိုင်ရာဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ရှိရမည်။

(ဂ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းရမည်။

၅၆။ လူမှုတရားမျှတမှုရရှိရေး

(က) စီးပွားရေးအရ၊ လူမှုရေးအရ သို့မဟုတ် ပညာရေးအရ နောက်ကျသော အမျိုးသမီးများ၊ နှိုင်းယှဉ်မှုအရ လူဦးရေနည်းပါးလွန်းသော ဌာနေတိုင်းရင်းသားများနှင့် ဘာသာရေးလူနည်းစုဝင်များ၊ မသန်စွမ်းသူများ၊ လိင်စိတ်ကွဲပြားမှုဆိုင်ရာ လူနည်းစုများသည် အချိုးကျပါဝင်မှု မူအရ နိုင်ငံ့အဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိစေရမည်။ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာ၊ အလုပ်အကိုင်၊ စားနပ်ရိက္ခာနှင့် လူမှုဖူလုံရေး စသည်တို့တွင် လိုအပ်ချက်များအလိုက် အထူးရပိုင်ခွင့် ရှိသည်။

(ခ) လူတိုင်းသည် ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရှိသည်။

(ဂ) လူတိုင်းသည် တရားသဖြင့် ဝမ်းစာရှာဖွေစားသောက်ခြင်း၊ ဝတ်ဆင်ခြင်း၊ နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင် ခြင်း၊ ပညာဆည်းပူးခြင်း၊ ကျန်းမာရေးအတွက် ပြုမူနေထိုင်ခြင်း၊ ကြီးပွားတိုးတက်အောင် ဆောင်ရွက်ခြင်း၊ လူမှုအသိုင်းအဝိုင်းများတွင် အများအကျိုးအတွက် ပူပေါင်းပါဝင်ဆောင်ရွက်ခြင်း တို့အတွက် ကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ် ဆောင်ရွက်ပိုင်ခွင့် အခွင့်အရေးရှိသည်။

(ဃ) လူတိုင်းသည် ကျူးလွန်သည့် ပြစ်မှုနှင့်အညီသာ ပြစ်ဒဏ်ခံထိုက်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားခွင့် အခွင့်အရေးရှိသည်။

(င) လူတစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ လူမှုတရားမျှတမှုအတွက် ဆန္ဒထုတ်ဖော်ခြင်း၊ ဟောပြော စည်းရုံးခြင်း၊ ရေးသားတောင်းဆိုခြင်း၊ စုရုံးစည်းဝေးခြင်းစသည့် အခွင့်အရေးများ ရှိသည်။

၅၇။ လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားခွင့်

(က) သီးခြားလွတ်လပ်သော လူ့အခွင့်အရေးကော်မရှင်တစ်ရပ်ကို ဥပဒေအရ ဖွဲ့စည်းရမည်။ ထိုကော်မရှင်သည် လူ့အခွင့်ရေးနှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အမှုဖွင့်ခြင်း၊ သုတေသနပြုခြင်း၊ ပညာပေးခြင်း၊ စည်းရုံးရေးဆင်းခြင်း၊ အကြံပေးခြင်း၊ ဥပဒေပြုရေးတွင် သဘောထားအမြင်ပေးခြင်းနှင့် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းနိုင်ရန် ဥပဒေကြမ်းများအား အဆိုတင်သွင်းခြင်း စသည့်လုပ်ပိုင်ခွင့်များ ရှိပြီး ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေက အာမခံထားသော အခွင့်အရေးများ၊ နိုင်ငံတကာ ဥပဒေက အာမခံထားသော အခွင့်အရေးများကို မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးတို့တွင် ပျက်ကွက်မှုများရှိလာပါက တိုင်ကြားချက်များအား လက်ခံခြင်းနှင့် အရေးယူခြင်းတို့ကို ဆောင်ရွက်ခွင့် ရှိသည်။

(ခ) လူ့အခွင့်အရေးဖောက်ဖျက်ခံရသူ မည်သူမဆို ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို ရယူခွင့် ရှိစေရန်အတွက် လူ့အခွင့်အရေးကော်မရှင်ထံသို့ တိုင်ကြားခွင့် ရှိစေရမည်။

၅၈။ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အကာအကွယ် ရယူခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ်ကို ရယူရန်လိုအပ်သောအခါ၌ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

(ခ) ဤအခွင့်အရေးကို မည်သည့်အခြေအနေတွင်မျှ ရပ်ဆိုင်းထားခြင်းမရှိစေရ။

၅၉ ။ ဖက်ဒရယ်ပြည်ထောင်စု၏ အကာအကွယ် ရယူခြင်း

နိုင်ငံသားတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုပြင်ပ၌ဖြစ်စေ ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို ဥပဒေနှင့်အညီ တောင်းဆိုပိုင်ခွင့် ရှိစေရမည်။

၆၀။ နိုင်ငံသားတာဝန်များ

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် -

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်ရန် တာဝန်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်းရှိ အရွယ်ရောက်ပြီးသော နိုင်ငံသားတိုင်း ဥပဒေအရ စစ်မှုထမ်းရန် တာဝန်ရှိသည်။

၆၁။ နေရာဒေသအသီးသီးတွင် ပြန့်ကျဲစွာ အခြေချနေထိုင်ကြသည့် တိုင်းရင်းသားများအတွက် သက်ဆိုင်ရာဒေသနှင့် မျိုးနွယ်စုများအလိုက် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စသည်တို့ကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ပထဝီနယ်နိမိတ်ကို အခြေမခံသော ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့် (Non Territorial Autonomy) ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများဖြင့် အာမခံပေးရမည်။ ၎င်းအတွက် ဖက်ဒရယ်လွှတ်တော်က သီးခြားဥပဒေပြဋ္ဌာန်းပေးရမည်။

# အခန်း (၃)

# ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံ

၆၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံ

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

၆၃။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများ

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ကချင်ပြည်နယ်
(၂) ကရင်ပြည်နယ်
(၃) ကရင်နီ(ကယား)ပြည်နယ်
(၄) ချင်းပြည်နယ်
(၅) ဗမာပြည်နယ်
(၆) မွန်ပြည်နယ်
(၇) ရခိုင်ပြည်နယ်
(၈) ရှမ်းပြည်နယ်
(၉) ............. ပြည်နယ်

(ခ) ပြည်ထောင်စုနယ်မြေများ

ပြည်ထောင်စုနယ်မြေများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ပြည်ထောင်စုမြို့တော်
(၂) . . .

၆၄။ ဖက်ဒရယ်ပြည်ထောင်စုနယ်မြေ သတ်မှတ်ချက်ဆိုင်ရာ ဥပဒေပြုခြင်း

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ဖက်ဒရယ်လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

၆၅။ ပြည်နယ်များ ကျင့်သုံးပိုင်ခွင့် မရှိသောအာဏာများ

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် နိုင်ငံခြားတိုင်းတပါးနှင့် စစ်ရေးမဟာမိတ်ပြုခြင်း၊ စစ်ဖက်ဆိုင်ရာသဘောတူညီချက်ရယူခြင်း၊ ပဋိညာဉ်ပြုခြင်း၊ စာချုပ် ချုပ်ဆိုခြင်း၊ နိုင်ငံခြားတိုင်းပြည်တစ်ခုခုအား စစ်ကြေညာခြင်း၊ မိမိပြည်နယ်အတွင်း သီးခြားသုံးစွဲရန် ငွေကြေးစနစ်၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ခြင်း အာဏာတို့ကို ကျင့်သုံးပိုင်ခွင့် မရှိစေရ။

# အခန်း (၄)
# ပြည်ထောင်စုဥပဒေပြုရေး

ဖက်ဒရယ်လွှတ်တော် ဖွဲ့စည်းခြင်း

၆၆။ ဖက်ဒရယ်လွှတ်တော်ကို အာဏာတူသော လွှတ်တော်နှစ်ရပ်ဖြစ်သည့် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။

ဖက်ဒရယ်လွှတ်တော်အသီးသီး၏ အကြီးအမှူးနှင့် ဒုတိယအကြီးအမှူးများ

၆၇။ ဖက်ဒရယ်လွှတ်တော်အသီးသီး၏ အကြီးအမှူး၊ ဒုတိယအကြီးအမှူးများနှင့် ပတ်သက်၍ သက်ဆိုင်ရာ လွှတ်တော်သက်တမ်းတစ်ခုစီအတွက် လွှတ်တော်ပထမအစည်းအဝေး စတင်ကျင်းပသည့်နေ့တွင် လွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုနိုင်ရန်နှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပေးရန် ကျင်းပသော လွှတ်တော်အစည်းအဝေးကို ကြီးမှူးကြီးကြပ်ပေးရမည့် အကြီးအမှူးအား သဘာပတိဟု လည်းကောင်း၊ အောက်လွှတ်တော်၊ အထက်လွှတ်တော်တို့၏ အကြီးအမှူးနှင့် ဒုတိယအကြီးအမှူးတို့ကို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌဟု လည်းကောင်း ခေါ်ဝေါ်သုံးစွဲရမည်။

ဖက်ဒရယ်အထက်လွှတ်တော်

၆၈။ ဖက်ဒရယ်အထက်လွှတ်တော် ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များမှ ဦးရေတူညီစွာ ရွေးချယ်စေလွှတ်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖက်ဒရယ်အထက်လွှတ်တော်ကို ဖွဲ့စည်းသည်။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်သို့ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးက ကိုယ်စားလှယ် ၁၂ ဦးကျစီ စေလွှတ်ရမည်။

၆၉။ ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခြင်း

(က) ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ပုဂ္ဂိုလ်သည်

(၁) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား ဖြစ်ရမည့်အပြင် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်တွင် အနည်းဆုံးအသက် ၃၀ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(၂) အခြားနိုင်ငံသားအဖြစ်ခံယူထားသူ မဖြစ်စေရ။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်လောင်း၏ သီးခြားအရည်အချင်း သတ်မှတ်ချက်များကို သက်ဆိုင်ရာပြည်နယ်အသီးသီးတွင် ဥပဒေပြု သတ်မှတ်ပြဋ္ဌာန်းထားရမည်။

(ဂ) ပြည်နယ်အသီးသီးသည် အထက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ ဥပဒေ ရေးဆွဲပြဋ္ဌာန်းရမည်။

ဖက်ဒရယ်အထက်လွှတ်တော်သက်တမ်း

၇၀။ ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏သက်တမ်းသည် ၆ နှစ် ဖြစ်သည်။ ဖက်ဒရယ် အထက်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံကို နှစ်နှစ်လျှင် တစ်ကြိမ် ရွေးချယ်တင်မြှောက်ရမည်။

ပထမဦးဆုံးအကြိမ် ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံသည် နှစ်နှစ်သက်တမ်းသာ တာဝန် ထမ်းဆောင်ရပြီး နောက်သုံးပုံတစ်ပုံသည် လေးနှစ်သက်တမ်း တာဝန်ထမ်းဆောင်ရကာ ကျန်သုံးပုံတစ်ပုံ သည် ၆ နှစ် သက်တမ်းတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ ၂ နှစ်၊ ၄ နှစ်၊ ၆ နှစ် တာဝန်ထမ်းဆောင်ရမည့် ကိုယ်စားလှယ်နေရာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုတင်သတ်မှတ်ပြဋ္ဌာန်းထားရမည်။

ဖက်ဒရယ်အထက်လွှတ်တော်သဘာပတိ တင်မြှောက်ခြင်း

၇၁။(က)ဖက်ဒရယ်အထက်လွှတ်တော် ပထမအကြိမ် လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ခ) သဘာပတိသည် ဖက်ဒရယ်အထက်လွှတ်တော် ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်၊

(ဂ) သဘာပတိသည် ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက် ပြီးသည် အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၇၂။(က) (၁) ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးကို ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်၊

(၂) လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုး ရွေးကောက်တင်မြှောက်ရမည်၊

(၃) လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရန် နည်းလမ်းများကို ဥပဒေ ပြဋ္ဌာန်းသတ်မှတ်ရမည်။

ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်

၇၃။ ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် -

(က) ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊

(ခ) ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း ပြည်ထောင်စု သမ္မတ (သို့မဟုတ်) ပြည်ထောင်စုဝန်ကြီးချုပ်က အကြောင်းကြားလျှင် ပြည်ထောင်စုသမ္မတ (သို့မဟုတ်) ပြည်ထောင်စုဝန်ကြီးချုပ်အား ဖိတ်ကြားရမည်၊

(ဂ) ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ် ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့၏ တာဝန်ထမ်းဆောင်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း

၇၄။(က)ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအသစ် ခန့်အပ်ပြီးသည်အထိ တာဝန်ကို ထမ်းဆောင်ရမည်၊

(ခ) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့သည် သာမန်အားဖြင့် ၆ နှစ် တာဝန်ထမ်းဆောင်ရမည်။

(ဂ) ဖက်ဒရယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ သက်ဆိုင်ရာလွှတ်တော်၏ ရုပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

၇၅။ ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း သတ်မှတ်ရမည်။

၇၆။ ဖက်ဒရယ်အထက်လွှတ်တော်ပုံမှန်အစည်းအဝေး

(က) ဖက်ဒရယ်အထက်လွှတ်တော်၏ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

(ခ) ဖက်ဒရယ်အထက်လွှတ်တော်ပုံမှန်အစည်းအဝေးကို အထက်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဂ) ဖက်ဒရယ်အထက်လွှတ်တော်၏ ပုံမှန်အစည်းအဝေးကို ခေါ်ယူကျင်းပရန် အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ ကြေညာရမည်။

၇၇။ ဖက်ဒရယ်အထက်လွှတ်တော် အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေး

(က)အနည်းဆုံး ပြည်နယ်နှစ်ခုမှ ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ် အားလုံးကသော်လည်းကောင်း၊ ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံတစ်ပုံကသော်လည်းကောင်း တောင်းဆိုလာပါက အထက်လွှတ်တော်ဥက္ကဋ္ဌသည် အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

(ခ) ပြည်ထောင်စုသမ္မတက တင်ပြတောင်းဆိုလာလျှင် ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် ဖက်ဒရယ်အထက်လွှတ်တော် အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပ နိုင်သည်။

(ဂ) ဖက်ဒရယ်အထက်လွှတ်တော် အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရန်အတွက် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် ကြိုတင်အကြောင်းကြားရမည်။

၇၈။ ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေး အထမြောက်ခြင်း

ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော် တက်ရောက်လျှင် လွှတ်တော်အစည်းအဝေး အထမြောက်သည်။

၇၉။ ဆုံးဖြတ်ချက်ချမှတ်ခြင်း

ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးများ၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တက်ရောက်လာသောကိုယ်စားလှယ်များ၏ အများစုဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲကိုပေးရမည်။

၈၀။ ဖက်ဒရယ်အထက်လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များ ဖွဲ့စည်းခြင်း

(က) ဖက်ဒရယ်အထက်လွှတ်တော်၏ အမြဲတမ်းကော်မတီများ၊ လိုအပ်သည့် အခြားကော်မတီများနှင့် ကော်မရှင်များကို ဖွဲ့စည်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၈၁။ ဖက်ဒရယ်အထက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ဖက်ဒရယ်အထက်လွှတ်တော်သည် ဖက်ဒရယ်အထက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

ဖက်ဒရယ်အောက်လွှတ်တော်

၈၂။ ဖက်ဒရယ်အောက်လွှတ်တော်ဖွဲ့စည်းခြင်း

မြို့နယ်ကို အခြေခံ၍သော်လည်းကောင်း၊ လူဦးရေကို အခြေခံ၍သော်လည်းကောင်း၊ ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖက်ဒရယ်အောက်လွှတ်တော်ကို ဖွဲ့စည်းသည်။

၈၃။ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခြင်း

(က) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒ ပေးပိုင်ခွင့်ရှိသော ပြည်သူလူထုက တိုက်ရိုက်လျှို့ဝှက်မဲပေးခြင်းဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ အရေအတွက်နှင့် မဲဆန္ဒနယ်မြေများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေပြုပြဋ္ဌာန်း ပေးရမည်။

၈၄။ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ် အရည်အချင်း

(က) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ပုဂ္ဂိုလ်သည် -

(၁) နိုင်ငံသားဖြစ်ရမည့်အပြင် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်တွင် အနည်းဆုံးအသက် ၂၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(၂) အခြားနိုင်ငံသားအဖြစ်ခံယူထားသူ မဖြစ်စေရ။

(၃) သာသနာ့ဝန်ထမ်း မဖြစ်စေရ။

(၄) အစိုးရဝန်ထမ်း မဖြစ်စေရ။

(၅) စိတ်မနှံ့ ရူးသွပ်သူ ဖြစ်ကြောင်း ကျန်းမာရေးမှူးတစ်ဦးဦးက သတ်မှတ်ထားသည့်သူ မဖြစ်စေရ။

(၆) အခြားသော လွှတ်တော်တစ်ခုခု၏ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ရန် အမည်စာရင်း တင်သွင်းထားသူ မဖြစ်စေရ။

၈၅။ ဖက်ဒရယ်အောက်လွှတ်တော်သက်တမ်း

(က) ဖက်ဒရယ်အောက်လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ၄ နှစ်ဖြစ်သည်။ ဖက်ဒရယ်အောက်လွှတ်တော်၏ သက်တမ်းကို အောက်လွှတ်တော် ပထမအကြိမ် အစည်းအဝေးကျင်းပသည့်နေ့မှစ၍ စတင်ရေတွက်ရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းသည် ဖက်ဒရယ်အောက်လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်စေ ရမည်။

၈၆။ ဖက်ဒရယ်အောက်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း

ဖက်ဒရယ်အောက်လွှတ်တော်တစ်ခု၏ ပုံမှန်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ အလိုတွင် နောက်သက်တမ်း အသစ်အတွက် ဖက်ဒရယ်အောက်လွှတ်တော် အထွေထွေရွေးကောက်ပွဲ ကျင်းပရမည်။

ဖက်ဒရယ်အောက်လွှတ်တော်သဘာပတိ တင်မြှောက်ခြင်း

၈၇။(က)ဖက်ဒရယ်အောက်လွှတ်တော် ပထမအကြိမ် လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ခ) သဘာပတိသည် ဖက်ဒရယ်အောက်လွှတ်တော် ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်၊

(ဂ) သဘာပတိသည် ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက် ပြီးသည် အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၈၈။(က) (၁) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးကို ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်၊

(၂) လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုး ရွေးကောက်တင်မြှောက်ရမည်၊

(၃) လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရန် နည်းလမ်းများကို ဥပဒေပြဋ္ဌာန်း သတ်မှတ်ရမည်။

ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်

၈၉။ ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌသည် -

(က) ဖက်ဒရယ်အောက်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊

(ခ) ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း ပြည်ထောင်စု သမ္မတ (သို့မဟုတ်) ပြည်ထောင်စုဝန်ကြီးချုပ်က အကြောင်းကြားလျှင် ပြည်ထောင်စုသမ္မတ (သို့မဟုတ်) ပြည်ထောင်စုဝန်ကြီးချုပ်အား ဖိတ်ကြားရမည်၊

(ဂ) ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို လွှတ်တော်အစည်းအဝေးသို့ တက်ရောက် ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ အရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့၏ တာဝန်ထမ်းဆောင်ခြင်းနှင့် ရပ်စဲခြင်း

၉၀။(က)ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် ဖက်ဒရယ်အောက်လွှတ်တော်သက်တမ်း ပထမအစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်၊

(ခ) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ သက်တမ်းသည် ဖက်ဒရယ်အောက်လွှတ်တော် သက်တမ်းအတိုင်း ဖြစ်သည်။

(ဂ) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လွှတ်တော်၏ ရပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

၉၁။ ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း သတ်မှတ်ရမည်။

၉၂။ ဖက်ဒရယ်အောက်လွှတ်တော်ပုံမှန်အစည်းအဝေး

(က)အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ပထမအကြိမ် ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေးကို ပြည်ထောင်စုသမ္မတက ခေါ်ယူပေးရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ဂ) ဖက်ဒရယ်အောက်လွှတ်တော်ပုံမှန်အစည်းအဝေးကို ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဃ)ဖက်ဒရယ်အောက်လွှတ်တော် ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကြေညာရမည်။

၉၃။ ဖက်ဒရယ်အောက်လွှတ်တော် အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေး

(က)ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် ဖက်ဒရယ်အောက်လွှတ်တော် အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပရမည်။

(၁) ပြည်ထောင်စုသမ္မတက ညွှန်ကြားခြင်း၊

(၂) ပြည်ထောင်စုဝန်ကြီးချုပ်က တောင်းဆိုခြင်း၊

(၃) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက တင်ပြတောင်းဆိုခြင်း၊

(ခ) ဖက်ဒရယ်အောက်လွှတ်တော် အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရန် အတွက် အနည်းဆုံး ၁၅ ရက် ကြိုတင်အကြောင်းကြားရမည်။

၉၄။ ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေး အထမြောက်ခြင်း

ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော် တက်ရောက်လျှင် လွှတ်တော်အစည်းအဝေး အထမြောက်သည်။

၉၅။ ဆုံးဖြတ်ချက်ချမှတ်ခြင်း

ဖက်ဒရယ်အောက်လွှတ်တော်အစည်းအဝေးများ၌ ဆုံးဖြတ်ချက် ချမှတ်ရာတွင် တက်ရောက်လာသော ကိုယ်စားလှယ်များ၏ အများစုဆန္ဒမဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲကို ပေးရမည်။

၉၆။ ဖက်ဒရယ်အောက်လွှတ်တော် ဖျက်သိမ်းခြင်း

(က) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်၏ အကြံပြုချက်အရ ဖက်ဒရယ်အောက်လွှတ်တော်ကို ဖျက်သိမ်းရမည် (သို့တည်းမဟုတ်) ရုပ်သိမ်းရမည်။

ခြွင်းချက်။ သို့ရာတွင် ဖက်ဒရယ်အောက်လွှတ်တော်၌ အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိအဆိုတင်သွင်းရာတွင် ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုကို ဆက်လက်မရရှိသောအခါ၊ ပြည်ထောင်စုဝန်ကြီးချုပ်က လွှတ်တော် ဖျက်သိမ်းရန် (သို့တည်းမဟုတ်) ရုပ်သိမ်းရန် အကြံပြုသော် ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်၏ အကြံပြုချက်ကို ငြင်းပယ်နိုင်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ပြည်ထောင်စုဝန်ကြီးချုပ်အသစ်တစ်ဦး၏ အမည်စာရင်းကိုတင်သွင်းရန်အတွက် ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်အောက်လွှတ်တော်အား ချက်ချင်း ဆင့်ဆိုရမည်။

(ခ) ဖက်ဒရယ်အောက်လွှတ်တော်သည် ပုဒ်မ ၉၃ အပိုဒ်ခွဲ (က) အရ ဆင့်ဆိုခြင်းခံရပါက ပြည်ထောင်စုဝန်ကြီးချုပ်အသစ်၏ အမည်စာရင်းကို ၁၅ ရက်အတွင်း တင်သွင်းရမည်။ တင်သွင်းရန် ပျက်ကွက်ပါက ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်အောက်လွှတ်တော်ကို ဖျက်သိမ်းရမည်။

(ဂ) ဖက်ဒရယ်အောက်လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်ကျင်းပ၍ ပြည်ထောင်စုအစိုးရ မဖွဲ့စည်းနိုင်မီ ကြားကာလတွင် ပြည်ထောင်စုကို စီမံအုပ်ချုပ်ရန် ပြည်ထောင်စုသမ္မတသည် ကြားဖြတ်အစိုးရတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဃ) ဖက်ဒရယ်အောက်လွှတ်တော်အား ဖျက်သိမ်းပြီးနောက် ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲကို ကျင်းပရမည်။

၉၇။ ဖက်ဒရယ်အောက်လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များ ဖွဲ့စည်းခြင်း

(က) ဖက်ဒရယ်အောက်လွှတ်တော်၏ အမြဲတမ်းကော်မတီများ၊ လိုအပ်သည့် အခြားကော်မတီများနှင့် ကော်မရှင်များကို ဖွဲ့စည်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၉၈။ ဖက်ဒရယ်အောက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ဖက်ဒရယ်အောက်လွှတ်တော်သည် ဖက်ဒရယ်အောက်လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ် ပြဋ္ဌာန်းရမည်။

၉၉။ လွှတ်တော်နှစ်ရပ် ညှိနှိုင်းရန် ကိစ္စပေါ်ပေါက်လျှင် ဖက်ဒရယ်အောက်လွှတ်တော်နှင့် ဖက်ဒရယ်အထက်လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေတူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ ပူးပေါင်းကော်မတီသက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။

**ဥပဒေပြုခြင်း**

၁၀၀။ ဖက်ဒရယ်လွှတ်တော်၏အာဏာ

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုအာဏာအားလုံးသည် ဖက်ဒရယ်လွှတ်တော်တွင်တည်ရှိသည်။

၁၀၁။ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် အတည်ပြုခြင်း

(က) ဥပဒေကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ဖက်ဒရယ်လွှတ်တော် တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်း၍သော်လည်းကောင်း တင်သွင်းရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရကသာ တင်သွင်းခွင့်ရှိသည့် စီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) ဥပဒေနှင့် အခွန်အကောက် ဥပဒေကြမ်းများကို ဖက်ဒရယ်အောက်လွှတ်တော်၌ စတင် တင်သွင်းရမည်။ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်၏ သဘောတူအတည်ပြုချက် မရရှိခဲ့ပါက ယခင်တစ်ဆက်တစ်စပ်တည်း ဘတ်ဂျတ်နှစ် အတွက် အတည်ပြုပြဋ္ဌာန်းထားသည့် သာမန် ရငွေသုံးငွေစာရင်းများအတိုင်း ဆက်လက်အသုံးပြုခွင့် ရှိသည်။

(ဂ) ဖက်ဒရယ်အောက်လွှတ်တော်တွင်ဖြစ်စေ၊ ဖက်ဒရယ်အထက်လွှတ်တော်တွင်ဖြစ်စေ စတင် တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ဖက်ဒရယ်လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။ ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုရာတွင် သက်ဆိုင်ရာ လွှတ်တော်၌ သီးခြားဆွေးနွေးအတည်ပြုရမည်။

၁၀၂။ ပူးတွဲညှိနှိုင်းရေးကော်မတီ

ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ သဘောထားကွဲလွဲပါက ၎င်းဥပဒေကြမ်းကို သုံးသပ် ညှိနှိုင်းရန် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်ဦးရေတူသော ပူးတွဲညှိနှိုင်းရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်သည်။ ထိုကော်မတီသည် ဥပဒေကြမ်းအား လွှတ်တော်နှစ်ရပ်က လက်ခံနိုင်သည့် အခြေအနေရောက်အောင် သုံးသပ် ပြင်ဆင်ညှိနှိုင်းမှုများ ဆောင်ရွက်ကာ ပြင်ဆင်ထားသည့် ဥပဒေကြမ်းအဆိုပြုလွှာအား လွှတ်တော်နှစ်ရပ်တွင် သီးခြား ပြန်လည် ဆုံးဖြတ်အတည်ပြုနိုင်ရန် ပေးပို့ရမည်။ ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုဆုံးဖြတ်မှသာ ယင်းဥပဒေ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။ လွှတ်တော်တစ်ရပ်ရပ်က သဘောမတူပါက ဥပဒေအဖြစ် အတည်ပြု ပြဋ္ဌာန်းနိုင်ခြင်းမရှိဟု မှတ်ယူရမည်။ စီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်)ဥပဒေနှင့် အခွန်အကောက် ဥပဒေကြမ်းများမှအပ အတည်ပြု ပြဋ္ဌာန်းနိုင်ခြင်း မရှိသည့် ဥပဒေကို ပယ်ချသည့်နေ့မှစ၍ နှစ်နှစ်အတွင်း ဖက်ဒရယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခြင်း မရှိစေရ။

အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုခြင်း

၁၀၃။ ပြည်ထောင်စုဥပဒေပြုစာရင်း၊ ပြည်နယ်ဥပဒေပြုစာရင်းနှင့် ထပ်တူဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့်အာဏာများသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင်ရှိသည်။

ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်း

၁၀၄။(က)ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီးချုပ် သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဖက်ဒရယ်အောက်လွှတ်တော်သို့ ဦးစွာ တင်သွင်းရမည်၊

(ခ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်ပါရှိသော-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ပြည်ထောင်စုက ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့်ဆက်နွှယ်သော အခြားကုန်ကျစရိတ်များ၊

(၃) တရားရုံး သို့မဟုတ် ခုံရုံး တစ်ရုံးရုံး၏ စီရင်ချက်၊ အမိန့်၊ ဒီဂရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊

(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြား အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များမှအပ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အသုံးစရိတ်အပါအဝင် အခြား ဝင်ငွေနှင့် အသုံးစရိတ်များ အတွက်ကိုမူ အောက်လွှတ်တော်က ပြင်ဆင်သတ်မှတ်ခြင်း၊ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်၊ ဖက်ဒရယ်အောက်လွှတ်တော်က အတည်ပြုပါက ဖက်ဒရယ်အထက်လွှတ်တော်သို့ ဆက်လက်ပေးပို့ကာ ဆုံးဖြတ်အတည်ပြုချက်ကို ရယူရမည်။

(ဃ) ဖက်ဒရယ်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့က လိုက်နာဆောင်ရွက်ရမည်၊

(င) ဖက်ဒရယ်လွှတ်တော်က သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါလျာထားသောရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများ အပြင် နောက်ထပ် ရငွေများ လျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေးဥပဒေကို အထက်ပါ နည်းလမ်းများအတိုင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်၊

(စ) ဖက်ဒရယ်လွှတ်တော်က ပြဋ္ဌာန်းသည့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပါ အတိုင်း ပြည်ထောင်စု အစိုးရအဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း

၁၀၅။(က)ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်လွှတ်တော်မှ ပေးပို့လာသည့် ဖက်ဒရယ်လွှတ်တော်က အတည်ပြု သောဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(ခ) ပြည်ထောင်စုသမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ဖက်ဒရယ် လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်၊

(ဂ) ပြည်ထောင်စုသမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတက မိမိ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည် ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန် ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်း သည် ပြည်ထောင်စုသမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၁၀၆။(က)ပြည်ထောင်စုသမ္မတထံ ပေးပို့ထားသော ဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတက မိမိ၏ သဘောထား မှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ဖက်ဒရယ်လွှတ်တော်သို့ ပြည်လည် ပေးပို့လျှင် ဖက်ဒရယ် လွှတ်တော်သည် ပြည်ထောင်စုသမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် ပြည်ထောင်စုသမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည် သို့မဟုတ် ပြည်ထောင်စုသမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်၊

(ခ) ပြည်ထောင်စုသမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသောဥပဒေကြမ်း သို့မဟုတ် ပြည်ထောင်စုသမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်းအတည်ပြုသော ဥပဒေကြမ်းအား ဖက်ဒရယ်လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ ပြည်ထောင်စုသမ္မတသည် ဥပဒေကြမ်း ပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၇ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(ဂ) ဖက်ဒရယ်လွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း ပြည်ထောင်စုသမ္မတက လက်မှတ်ရေးထိုးခြင်း မပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ပြည်ထောင်စုသမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၁၀၇။ ပြည်ထောင်စုသမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် ပြည်ထောင်စုသမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို ပြည်ထောင်စုပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၀၈။ ဖက်ဒရယ်လွှတ်တော်သည်

ပြည်ထောင်စုသမ္မတ မှတဆင့် ပြည်ထောင်စုဝန်ကြီးချုပ်က တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြု ဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

# အခန်း (၅)
# ပြည်ထောင်စုအုပ်ချုပ်ရေး

ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်

၁၀၉။ ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သောစနစ် ဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သောစနစ်တွင် ပြည်ထောင်စုဦးသျှောင် သို့မဟုတ် ပြည်ထောင်စုသမ္မတ ထားရှိသောစနစ်လည်း ဖြစ်သည်။

၁၁၀။ ပြည်ထောင်စုဦးသျှောင် သို့မဟုတ် ပြည်ထောင်စုသမ္မတ

(က) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စု၏ဦးသျှောင် ဖြစ်သည်။

၁၁၁။ ပြည်ထောင်စုသမ္မတအရည်အချင်း

(က) ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံမည့်သူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

(၁) ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည်။

(၂) ပြည်ထောင်စုနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(၃) ပြည်ထောင်စုအတွင်း ၁၀ နှစ်ထက်မနည်း ဆက်တိုက်နေထိုင်ခဲ့သူ ဖြစ်ရမည်။

(၄) သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းသောနေ့တွင် အသက် ၃၅ နှစ် ပြည့်ပြီး ဖြစ်ရမည်။

(၅) အခြားနိုင်ငံသားအဖြစ်ခံယူထားသူ မဖြစ်စေရ။

(ခ) ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတသည် ပြည်ထောင်စု သို့မဟုတ် ပြည်နယ် အစိုးရတစ်ရပ်ရပ်၏ အဖွဲ့ဝင်သော်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း ဖြစ်ပါက ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၁၂။ ရွေးချယ်တင်မြှောက်ပုံ

(က) ပြည်နယ်လွှတ်တော်အသီးသီးက တစ်ပြည်နယ်လျှင် တစ်ဦးကျစီ ပေးပို့သော သမ္မတလောင်းများအနက် တစ်ဦးကို သမ္မတအဖြစ် ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော် ထောက်ခံမဲဖြင့် ရွေးကောက်တင်မြှောက် ရမည်။ ကျန်ရှိသော သမ္မတလောင်းများအနက် တစ်ဦးကို ဒုတိယသမ္မတအဖြစ် ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်များ၏ အများစုမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။ ပြည်ထောင်စုသမ္မတ သို့မဟုတ် ပြည်ထောင်စုဒုတိယသမ္မတတို့သည် သက်တမ်းနှစ်ကြိမ်ထက် ပို၍ ဆက်တိုက် ရွေးချယ်ပိုင်ခွင့်မရှိစေရ။

(ခ) ပြည်ထောင်စုသမ္မတအသစ်ကို ရွေးချယ်တင်မြှောက်ရန်အတွက် ပြည်ထောင်စု သမ္မတသည် မိမိ၏ရာထူးသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ၆ လ ကြိုတင်၍ ဖက်ဒရယ်အထက်လွှတ်တော်အား ဆင့်ခေါ် အကြောင်းကြား ရမည်။

၁၁၃။ ပြည်ထောင်စုသမ္မတသက်တမ်း

ပြည်ထောင်စုသမ္မတ၏ သက်တမ်းသည် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ၅ နှစ် ဖြစ်သည်။

၁၁၄။ ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်ရမည်။

(က) ပြည်ထောင်စုသမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

(၁) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စု ဖက်ဒရယ်လွှတ်တော်ကို တာဝန်ခံရမည်။

(၂) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုတပ်မတော်အပါအဝင် ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေး တပ်ဖွဲ့အားလုံး၏ စစ်သေနာပတိချုပ် ဖြစ်သည်။ သို့ရာတွင် ဤအခွင့်အာဏာကို ပြည်ထောင်စု၏ အရေးပေါ်အခြေအနေကာလ၌သာ အပြည့်အဝ ကျင့်သုံးနိုင်ခွင့်ရှိသည်။

(၃) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း၍ ပြည်ပနိုင်ငံတစ်ခုခုအား စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။ သို့သော် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကို ဦးစွာ ရယူရမည်။ အဆိုပါ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပြည်ထောင်စု သမ္မတသည် အနီးကပ်ဆုံး ဖက်ဒရယ် လွှတ်တော်၏ ပုံမှန်အစည်းအဝေး သို့မဟုတ် အရေးပေါ် ဖက်ဒရယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူ၍ အတည်ပြုချက် ရယူရမည်။

(၄) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်အောက်လွှတ်တော်က ရွေးကောက်တင်မြှောက်သော ပြည်ထောင်စုဝန်ကြီးချုပ်ကို အတည်ပြု ခန့်အပ်ပေးရမည်။

(၅) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအဖြစ် အမည် စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးများအဖြစ် အတည်ပြု ခန့်အပ် ပေးရမည်။

(၆) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်လွှတ်တော်က သဘောတူညီချက်ရရှိပြီးဖြစ်သော ပြည်ထောင်စုရှေ့နေချုပ်အား အတည်ပြု ခန့်အပ်ပေးရမည်။

(၇) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်လွှတ်တော်က သဘောတူညီချက်ရရှိပြီးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် တရားသူကြီးများအား အတည်ပြု ခန့်အပ်ပေးရမည်။

(၈) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်လွှတ်တော်က သဘောတူညီချက် ရရှိပြီးဖြစ်သော ပြည်ထောင်စု စာရင်းစစ်ချုပ်အား အတည်ပြု ခန့်အပ်ပေးရမည်၊

(၉) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုဝန်ကြီးချုပ်၏ အကြံပေးချက်အရ ဖက်ဒရယ်အောက် လွှတ်တော်ကို ဆင့်ခေါ်ရမည် သို့မဟုတ် ရပ်သိမ်းရမည် သို့မဟုတ် ဖျက်သိမ်းရမည်။ ဤသို့ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၁၀) ဖက်ဒရယ်လွှတ်တော်က အတည်ပြုသော သို့တည်းမဟုတ် အတည်ပြုပြီးဖြစ်သည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းအား ပြည်ထောင်စုဥပဒေတစ်ရပ်အဖြစ် လက်မှတ်ရေးထိုး၍ ပြည်ထောင်စု ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပေးရမည်၊

(၁၁) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့် အရေးကြီးကိစ္စများနှင့် စပ်လျဉ်း၍ဖြစ်စေ အမှာလွှာဖြင့်သော်လည်းကောင်း၊ မိန့်ခွန်းဖြင့်သော်လည်းကောင်း ဖက်ဒရယ်လွှတ်တော်သို့ အကြောင်းကြားနိုင်သည်၊ မိန့်ခွန်းပြောကြားနိုင်သည်။

(၁၂) ပြည်ထောင်စုသမ္မတသည် အခါအားလျော်စွာ ပြည်ထောင်စုတစ်ဝန်းလုံးရှိ ပြည်သူသို့ မိန့်ခွန်းမြွက်ကြားနိုင်သည်။

(၁၃) ပြည်ထောင်စုသမ္မတသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များမှအပဖြစ်သော အခြားကိစ္စရပ်များအား ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကျော်လွန်ခြင်း မရှိစေရ။

(၁၄) ပြည်ထောင်စုသမ္မတသည် အမြင့်ဆုံး အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန် ကြေညာပေးရမည်။

(၁၅) ပြည်ထောင်စုသမ္မတသည် လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။

(၁၆) ပြည်ထောင်စုသမ္မတသည် သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(၁၇) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပြီး ဖက်ဒရယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ်ဖြတ်တောက်ခြင်း ပြုနိုင်သည်။

(၁၈) ပြည်ထောင်စုသမ္မတသည် ဥပဒေနှင့်အညီ မိမိနိုင်ငံ၏သံတမန်များကို ခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ နိုင်ငံခြားသံတမန်များအား ခန့်အပ်ရန် သဘောတူညီချက်ပေးခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်းနှင့် နိုင်ငံခြားသံတမန်များ၏ ခန့်အပ်လွှာများကို လက်ခံခြင်းပြုနိုင်သည်။

(၁၉) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပြီး ဖက်ဒရယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များကို ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်များမှ နုတ်ထွက်ခြင်း ပြုရမည်။

(၂၀) ပြည်ထောင်စုသမ္မတသည် လိုအပ်လျှင် ဖက်ဒရယ်လွှတ်တော် အရေးပေါ်အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပပေးရန် ဖက်ဒရယ်လွှတ်တော်ဥက္ကဋ္ဌများအား အကြောင်းကြားနိုင်သည်။

(၂၁) ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုအား ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် စစ်ရေးအရ လိုအပ်သလို ဆောင်ရွက်ပိုင်ခွင့် ရှိသည်၊ မိမိ၏ဆောင်ရွက်ချက်ကို ဖက်ဒရယ်လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ဖက်ဒရယ်လွှတ်တော်အစည်းအဝေး ကျင်းပနေချိန် မဟုတ်လျှင် ဖက်ဒရယ်လွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ တင်ပြ အတည်ပြုချက်ရယူရမည်၊ ဖက်ဒရယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ စစ်ကြေညာနိုင်သည်၊ စစ်ပြေငြိမ်းနိုင်သည်။

(၂၂) ပြည်ထောင်စုသမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု (သို့မဟုတ်) ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေရ။ သို့ရာတွင် ဤကဲ့သို့ တာဝန်မရှိစေခြင်းသည် ပြည်ထောင်စုသမ္မတအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ပြည်ထောင်စုဒုတိယသမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(၁) ပြည်ထောင်စုသမ္မတက လုပ်ငန်းတာဝန်များကို လွှဲအပ်သောအခါတွင်ဖြစ်စေ၊ တာဝန်ကို ဆက်လက် ထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင်ဖြစ်စေ၊ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ပြည်ထောင်စုဒုတိယသမ္မတသည် သမ္မတ၏လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ခွင့်ရှိသည်။

(၂) ပြည်ထောင်စုဒုတိယသမ္မတသည် ပြည်ထောင်စုသမ္မတမှတဆင့် ပြည်ထောင်စုအထက်လွှတ်တော်ကို တာဝန်ခံရမည်။

(၃) ပြည်ထောင်စုအစိုးရအစည်းအဝေးများ တက်ရောက်ခြင်း။

(၄) နိုင်ငံတကာရန်ပုံငွေများ ရှာဖွေခြင်း။

(၅) လူထုအခမ်းအနားများ တက်ရောက်ခြင်း။

(၆) အချို့သောကော်မရှင်များအား ကြီးကြပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၁၅။ ပြည်ထောင်စုသမ္မတ (သို့မဟုတ်) ဒုတိယသမ္မတအား စွပ်စွဲပြစ်တင်ခြင်း

(က) ပြည်ထောင်စုသမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတကိုဖြစ်စေ အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-

(၁) ပြည်ထောင်စု၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုသမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတတစ်ဦးဦးကို စွပ်စွဲပြစ်တင်လိုပါက ဖက်ဒရယ်လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးလေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့၏ စွပ်စွဲချက်ကို သက်ဆိုင်ရာဖက်ဒရယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ယင်းစွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက်အရေးယူဆောင်ရွက်ရမည်၊

(ဃ) လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ရန် ထောက်ခံလျှင် အခြားလွှတ်တော်တစ်ရပ်က ယင်းစွပ်စွဲချက်ကို အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးရမည်၊

(င) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊

(စ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးပြီးသည့်အခါ စွပ်စွဲချက်ကို စစ်ဆေးသော သို့မဟုတ် စုံစမ်းစစ်ဆေးစေသော လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသောပြစ်မှုသည် ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်းဆုံးဖြတ်လျှင် စွပ်စွဲခံရသော ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရုပ်စဲကြောင်း ဆုံးဖြတ်ချက်အား ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့ရမည်။

(ဆ) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် စွပ်စွဲခံရသော ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရုပ်စဲကြောင်းနှင့် သမ္မတ သို့မဟုတ် ဒုတိယသမ္မတ နေရာ လစ်လပ်ကြောင်း ကြေညာရမည်။

၁၁၆။ ပြည်ထောင်စုသမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးသည် မိမိ၏ရာထူးသက်တမ်း မကုန်ဆုံးမီ ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုရမည်။

၁၁၇။ ပြည်ထောင်စုသမ္မတ (သို့မဟုတ်) ဒုတိယသမ္မတ လစ်လပ်ခြင်း

(က) ပြည်ထောင်စု သမ္မတသည် ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ်မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ ပြည်ထောင်စုသမ္မတရာထူးနေရာ လစ်လပ်လျှင် ဒုတိယသမ္မတက ယာယီသမ္မတ အဖြစ် ထမ်းဆောင်ရမည်၊

(ခ) ပြည်ထောင်စု သမ္မတရာထူးနေရာ လစ်လပ်သွားသည့် အချိန်သည် ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် လစ်လပ်သွားသည့် ပြည်ထောင်စုသမ္မတရာထူးကို ၇ ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် ယာယီသမ္မတက ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ အကြောင်းကြားရမည်၊

(ဂ) စွပ်စွဲပြစ်တင်ခံရ၍ သမ္မတရာထူးနေရာ လစ်လပ်လျှင် အထက်လွှတ်တော်ဥက္ကဋ္ဌသည် သမ္မတတစ်ဦး ပြန်လည်ရွေးကောက်တင်မြှောက်နိုင်ရန် သမ္မတနှင့် ဒုတိယသမ္မတ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ လွှတ်တော်ကျင်းပချိန် ဖြစ်ပါက ၇ ရက်အတွင်း ပြန်လည်ရွေးကောက်တင်မြှောက်ရမည်၊

(ဃ) ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် ယာယီသမ္မတထံမှ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ ၂၁ ရက်အတွင်း ဖက်ဒရယ်အထက်လွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ လစ်လပ်သော ပြည်ထောင်စုသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ဆောင်ရွက်ရမည်၊

(င) ဒုတိယသမ္မသည် ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ် မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ

ဒုတိယ သမ္မတရာထူးနေရာ လစ်လပ်လျှင် ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေး ကျင်းပချိန် ဖြစ်ပါက ၇ ရက်အတွင်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပေးရေးအတွက် ပြည်ထောင်စု သမ္မတက ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ အကြောင်းကြားရမည်၊

(စ) စွပ်စွဲပြစ်တင်ခံရ၍ ဒုတိယသမ္မတရာထူးနေရာလစ်လပ်လျှင် အထက်လွှတ်တော်ဥက္ကဋ္ဌသည် ဒုတိယ သမ္မတတစ်ဦး ပြန်လည် ရွေးကောက်တင်မြှောက်နိုင်ရန် သမ္မတနှင့် ဒုတိယသမ္မတ ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ လွှတ်တော်ကျင်းပချိန် ဖြစ်ပါက ၇ ရက်အတွင်း ပြန်လည် ရွေးကောက်တင်မြှောက်ရမည်၊

(ဆ) ဖက်ဒရယ်အထက်လွှတ်တော် အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် ဖက်ဒရာ်အထက်လွှတ်တော်ဥက္ကဋ္ဌ သည် ပြည်ထောင်စုသမ္မတ၏ အကြောင်းကြားစာ ရရှိသည့်နေ့မှစ၍ ၂၁ ရက်အတွင်း ဖက်ဒရယ်အထက် လွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေးအတွက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

၁၁၈။ ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတများသည် လစာ၊ စရိတ်၊ ငွေကြေးရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုရ။

၁၁၉။ ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန်ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ဖက်ဒရယ်လွှတ်တော်အကြီးအမှူးများထံ ပေးပို့ရမည်။

၁၂၀။ ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတများသည် ဥပဒေဖြင့် သတ်မှတ်ထားသည့် လစာ၊ စရိတ်နှင့် အဆောင် အယောင်များ ရရှိရမည်။ သင့်တင့်လျောက်ပတ်သည့် အိမ်တစ်ဆောင်စီကိုလည်း ရရှိရမည်။

၁၂၁။ ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတများသည် စွပ်စွဲပြစ်တင်ခံရ၍ ရာထူးမှ ရပ်စဲခံရခြင်းမှအပ တာဝန် ပြီးဆုံးသဖြင့် အနားယူပါက ဥပဒေနှင့်အညီ အငြိမ်းစားလစာ ရရှိရမည်။

ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

၁၂၂။ ပြည်ထောင်စုဝန်ကြီးချုပ်

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအကဲ ဖြစ်သည်၊

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်အား ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော် သော ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ကာ ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်၊

(ဂ) ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းသောနေ့တွင် အသက် ၃၅ နှစ် ပြည့်ပြီး ဖြစ်ရမည်၊

(ဃ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ရွေးကောက်ခံကိုယ်စားလှယ်ဖြစ်ရမည်၊

(င) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်အောက်လွှတ်တော်ကို တာဝန်ခံရမည်။

၁၂၃။ ပြည်ထောင်စုအစိုးရ

(က) ပြည်ထောင်စုဝန်ကြီးချုပ်ဦးဆောင်သော ဝန်ကြီးအဖွဲ့ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုအစိုးရတွင်အောက်ပါ ပုဂ္ဂိုလ်များပါဝင်သည်။

(၁) ပြည်ထောင်စုဝန်ကြီးချုပ်၊

(၂) ပြည်ထောင်စုဝန်ကြီးများနှင့်

(၃) ပြည်ထောင်စုရှေ့နေချုပ်။

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်သည် လွှတ်တော်ကိုယ်စားလှယ်အားဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူအားဖြစ်စေ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်နိုင်သည်။ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများအား ဝန်ကြီးအဖြစ် ခန့်အပ်သော အရေအတွက်သည် ဝန်ကြီးစုစုပေါင်း အရေအတွက်၏ သုံးပုံတစ်ပုံထက် ကျော်လွန်ခြင်း မရှိစေရ၊ ပြည်ထောင်စုဝန်ကြီးများကို ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီမှုဖြင့် ပြည်ထောင်စုသမ္မတက အတည်ပြုပေးရမည်၊

(ဂ) ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်အောက်လွှတ်တော်အား အဖွဲ့လိုက် စုပေါင်းတာဝန်ခံ ရမည်၊

(ဃ) ပြည်ထောင်စုဝန်ကြီးများသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒများအရ လုပ်ဆောင်ရန် ချမှတ်ထားသော ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို ပြည့်မီထိရောက်သည်အထိ လုပ်ဆောင်များအပေါ် တာဝန်ခံရမည်။

၁၂၄။ ပြည်ထောင်စုအစိုးရသက်တမ်း

ပြည်ထောင်စုအစိုးရ၏သက်တမ်းသည် ဖက်ဒရယ်အောက်လွှတ်တော်၏သက်တမ်းအတိုင်း ဖြစ်သည်။

၁၂၅။ နုတ်ထွက်ခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် မိမိ၏သဘောဆန္ဒအရ ပြည်ထောင်စုသမ္မတထံသို့ နုတ်ထွက်လွှာ ပေးပို့၍ ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်နိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်လျှင် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ အားလုံးသည် ရာထူးမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပြည်ထောင်စုဝန်ကြီးတစ်ဦးသည် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုပါက မိမိ၏ နုတ်ထွက်လွှာကို ပြည်ထောင်စုဝန်ကြီးချုပ်မှတဆင့် ပြည်ထောင်စုသမ္မတထံသို့ ပေးပို့ကာ တာဝန်မှ နုတ်ထွက်နိုင်သည်။

၁၂၆။ အယုံအကြည်မရှိအဆို

(က) ပြည်ထောင်စုအစိုးရ ဖွဲ့စည်းတာဝန်ယူကြပြီးနောက် ၁၈ လအတွင်း အစိုးရတစ်ဖွဲ့လုံးကိုဖြစ်စေ၊ အစိုးရ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ အယုံအကြည်မရှိအဆို တင်သွင်းခွင့် မရှိစေရ၊

(ခ) အယုံအကြည်မရှိအဆို တင်သွင်းခံရသူသည် ပြည်ထောင်စုဝန်ကြီးဖြစ်ပါက ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ကျော် အတည်ပြုလျှင် အစိုးရအဖွဲ့ဝင်ဝန်ကြီး တာဝန်မှ နုတ်ထွက် ပေးရမည်၊

(ဂ) အယုံအကြည်မရှိအဆို တင်သွင်းခံရသူသည် ပြည်ထောင်စုဝန်ကြီးချုပ် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ တစ်ဖွဲ့လုံးဖြစ်ပါက ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံ အတည်ပြုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ တစ်ဖွဲ့လုံး တာဝန်မှ နုတ်ထွက်ပေးရမည်။

၁၂၇။ ပြည်ထောင်စုအစိုးရပြန်လည်ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်က မိမိသဘောဆန္ဒအရ နုတ်ထွက်သည်ဖြစ်စေ၊ အယုံအကြည်မရှိအဆို တင်သွင်းခြင်းကြောင့်ဖြစ်စေ ပြည်ထောင်စုအစိုးရတစ်ဖွဲ့လုံး နုတ်ထွက်ရပါက ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုဝန်ကြီးချုပ်အသစ်ကို ဖက်ဒရယ်အောက်လွှတ်တော်တွင် ရွေးကောက်တင်မြှောက်ကာ ပြည်ထောင်စုအစိုးရအဖွဲ့အား ပြန်လည် ဖွဲ့စည်းရမည်။

(ခ) ရက်ပေါင်း ၃၀ အတွင်း အစိုးရပြန်လည်ဖွဲ့စည်းနိုင်ခြင်းမရှိပါက ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်အောက်လွှတ်တော်ကို ဖျက်သိမ်းကြောင်း ကြေညာပြီး ပြည်ထောင်စုအား စီမံအုပ်ချုပ်ရန် ကြားဖြတ်အစိုးရတစ်ရပ်ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

(ဂ) ကြားဖြတ်အစိုးရဖွဲ့ပြီး ရက်ပေါင်း ၆၀ မကျော်လွန်စေပဲ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲကို ကျင်းပရမည်။

ပြည်ထောင်စုကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဖွဲ့စည်းခြင်း

၁၂၈။(က)ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း လိုအပ်ပါက ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်နိုင်ရန် ပြည်ထောင်စုသမ္မတ ဦးဆောင်သည့် ပြည်ထောင်စုကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည် -

(၁) ပြည်ထောင်စုသမ္မတ၊

(၂) ပြည်ထောင်စုဒုတိယသမ္မတ၊

(၃) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌ

(၄) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌ

(၅) ပြည်ထောင်စုဝန်ကြီးချုပ်၊

(၆) နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊

(၇) ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊

(၈) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊

(၉) ပြည်ထောင်စုရှေ့နေချုပ်၊

(၁၀) ပြည်နယ်အသီးသီးမှ အကြီးအကဲများနှင့်

(၁၁) စစ်ဦးစီးချုပ်။

(ခ) ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ လုပ်ငန်းတာဝန်များ

(၁) ပြည်ထောင်စုသမ္မတက တောင်းဆိုလျှင် ပြည်ထောင်စု၏ လုံခြုံရေး၊ စစ်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာ မူဝါဒများကို အကြံပေးရမည်။

(၂) ပုဒ်မ ၂၃၂ ပါ အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက လိုအပ်သည့် အရေးယူဆောင်ရွက်မှုများအတွက် မဟာဗျူဟာ ချမှတ်ရာတွင် ပြည်ထောင်စုသမ္မတကို အကြံပေးရမည်။

၁၂၉။ ပြည်ထောင်စုဝန်ကြီးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် ဝန်ကြီးဌာနများကို ပြင်ဆင် သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဥပဒေနှင့်အညီ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက် အားလုံးကို ပြည်ထောင်စု ဝန်ကြီးချုပ်၏အမည်ဖြင့် အရေးယူဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးချုပ်၏အမည်ဖြင့် ထုတ်ပြန်သောအမိန့်များနှင့် ချုပ်ဆိုသော စာချုပ်စာတမ်းများသည် ဖက်ဒရယ်လွှတ်တော်ကပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် ဖော်ပြထားသော နည်းလမ်းများနှင့်အညီ ဖြစ်စေရမည်။

(င) ပြည်ထောင်စုဝန်ကြီးချုပ်သည် မိမိ၏ တာဝန်ဝတ္တရားများကို နယ်မြေဒေသအလိုက်ဖြစ်စေ၊ အစိုးရဌာန ဆိုင်ရာလုပ်ငန်း အလိုက်ဖြစ်စေ ခွဲဝေအပ်နှင်းနိုင်သည်။

(စ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စု၏မူဝါဒများနှင့် အခြေအနေအရပ်ရပ်တို့ကို ဖက်ဒရယ် အထက်လွှတ်တော် သို့မဟုတ် ဖက်ဒရယ်အောက်လွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံး သို့ဖြစ်စေ အခါအားလျော်စွာ မိန့်ခွန်းပြောကြားခွင့်၊ သဝဏ်လွှာပေးပို့ခွင့် ရှိသည်။

၁၃၀။ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

(က) ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏ မူဝါဒ များကို ချမှတ်ရမည်။ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် စီမံကိန်းများကို ဥပဒေကြမ်းအဖြစ်ရေးဆွဲ၍ ဖက်ဒရယ်အောက်လွှတ်တော်သို့ စတင် တင်သွင်းပြီး ဖက်ဒရယ်လွှတ်တော်၏ အတည်ပြုချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စု၏ နှစ်စဉ် ဘဏ္ဍာငွေရသုံးခန့်မှန်းခြေငွေစာရင်းကို ပြုစု၍ ဥပဒေကြမ်းအဖြစ် ဖက်ဒရယ်အောက်လွှတ်တော်သို့ စတင် တင်သွင်းပြီး ဖက်ဒရယ်လွှတ်တော်၏ အတည်ပြုချက်နှင့်အညီ ကောက်ခံသုံးစွဲဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စု၏ နှစ်စဉ်အခွန်အကောက်ဥပဒေကြမ်းကို ဖက်ဒရယ်အောက် လွှတ်တော်သို့ စတင် တင်သွင်းပြီး ဖက်ဒရယ်လွှတ်တော်၏ အတည်ပြုချက်နှင့်အညီ ကောက်ခံဆောင်ရွက် ရမည်။

(ဃ) ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်လွှတ်တော်က အတည်ပြုသည့် စီမံကိန်းဥပဒေပါ လုပ်ငန်းစီမံကိန်း များအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နှစ်စဉ်ဘဏ္ဍာငွေ ရသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေပါ ရငွေများ၊ ကောက်ခံရရှိမှုနှင့်သုံးငွေများ၊ သုံးစွဲမှု အခြေအနေများကို ဖက်ဒရယ်လွှတ်တော်သို့ ခြောက်လတစ်ကြိမ် တင်ပြအစီရင်ခံရမည်။

(င) ပြည်ထာင်စုအစိုးရက တင်ပြသည့် စီမံကိန်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက် အခြေအနေ တင်ပြချက်အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စိစစ်တွေ့ရှိသုံးသပ်ချက်များ၊ အကြံပြုချက်များနှင့်အတူ ဖက်ဒရယ်လွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

(စ) ပြည်ထောင်စုအစိုးရသည် လိုအပ်ချက်အရ နိုင်ငံတကာချေးငွေနှင့်အကူအညီများ ရယူလိုပါက ဖက်ဒရယ်လွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူ ဆောင်ရွက်ရမည်။

(ဆ) ပြည်ထောင်စုအစိုးရသည် နိုင်ငံ၏ ငွေရေးကြေးရေးအခြေအနေများ၊ ကြွေးမြီဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေများကို ဖက်ဒရယ်လွှတ်တော်သို့ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြရမည်။

(ဇ) ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖက်ဒရယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေကြမ်းကို ဖက်ဒရယ်လွှတ်တော်သို့ တင်သွင်းနိုင်သည်။

(ဈ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏လက်အောက်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း ပြုရမည်။

(ည) ပြည်ထောင်စုအစိုးရသည် ဥပဒေနှင့်အညီ ပြည်ထောင်စုဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

(ဋ) ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏အရေးယူဆောင်ရွက်ချက်များကို ဖက်ဒရယ်လွှတ်တော်သို့ ပြည်လည်အစီရင်ခံရမည်။

(ဌ) ပြည်ထောင်စု၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ ဖက်ဒရယ်လွှတ်တော်သို့ အခါအားလျော်စွာ တင်ပြရမည်။

(ဍ) ပြည်ထောင်စုအစိုးရသည် လုပ်ငန်းလိုအပ်ချက်အရ ပြည်နယ်တစ်ခုနှင့်ဖြစ်စေ၊ ပြည်နယ်များနှင့်ဖြစ်စေ လုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် ကဏ္ဍအလိုက်ပူးပေါင်းကော်မတီများ ဖွဲ့စည်းနိုင်သည်။ ထိုကော်မတီ၏ သက်တမ်းနှင် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ဎ) ပြည်ထောင်စုအား ပြည်ပနိုင်ငံတခုခုမှ ထိပါးတိုက်ခိုက်လာလျှင် သို့တည်းမဟုတ် ထိပါးတိုက်ခိုက်ခံရနိုင်ခြေရှိလျှင် ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန် ပြည်ထောင်စုသမ္မတ၏ ခွင့်ပြုချက်ဖြင့် အရေးယူဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ဆောင်ရွက်ချက်သည် ဖက်ဒရယ်လွှတ်တော် ကျင်းပနေဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံးကျင်းပသည့် ဖက်ဒရယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

(ဏ) နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် ဖက်ဒရယ်တပ်မတော်မှ ပါဝင် တာဝန်ယူမည့် ကိစ္စရပ်များ၊ ဖက်ဒရယ်တပ်မတော်၏ စစ်ရေးစွမ်းရည်များ မြင့်မားလာစေရန် နိုင်ငံတကာတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်ရေးကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စု သမ္မတနှင့် ညှိနှိုင်းပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ သို့မဟုတ် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် စာချုပ်များအရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(တ) ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ်ရေးထိုးသော နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်တိုင်းကို ဖက်ဒရယ်လွှတ်တော်၌ တင်ပြရမည်။

၁၃၁။ ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံသူများကို ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်-

(၁) အသက် ၂၅ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) ပြည်ထောင်စုနှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူနှင့်

(၄) အောက်လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ။

(ဂ) ပြည်ထောင်စုဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းအား ဖက်ဒရယ်အောက်လွှတ်တော်သို့တင်သွင်းကာ သဘောတူညီချက် ရယူရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီး၏ အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ဖက်ဒရယ်အောက်လွှတ်တော်သည် ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(င) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ဖက်ဒရယ်အောက်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(စ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအဖြစ် ပြည်ထောင်စုသမ္မတက ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန်ပေးရာတွင် ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး တစ်ဦးချင်းအလိုက် တာဝန်ယူရမည့် ဝန်ကြီးဌာန (သို့မဟုတ်) ဝန်ကြီးဌာနများကို သတ်မှတ်ပေးရမည်။

(ဆ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးသည့်အခါတိုင်း ဖက်ဒရယ်အောက်လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

(ဇ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ပြည်ထောင်စုဝန်ကြီးချုပ်အား တာဝန်ခံရမည်။

၁၃၂။ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်း

(က) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည် -

(၁) ပြည်ထောင်စု၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့်အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

(ခ) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး တစ်ဦးဦးအပေါ်စွပ်စွဲပြစ်တင်လိုပါက ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ ၂၀ ရာနှုန်းသော သဘောတူညီမှုကို ရယူရမည်။

(ဂ) စွပ်စွဲခံရသည့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအား တာဝန်ပေး၍လည်းကောင်း စွပ်စွဲခံရသည့်ကိစ္စရပ်နှင့်ပတ်သက်၍ ခုခံချေပရှင်းလင်းခွင့် ရှိသည်။

(ဃ) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုဝန်ကြီး ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်စေရန် မသင့်ကြောင်း ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော်က အတည်ပြုဆုံးဖြတ်လျှင် ပြည်ထောင်စုသမ္မတက စွပ်စွဲ ပြစ်တင်ခြင်း ခံရသည့် ပြည်ထောင်စုဝန်ကြီးအား တာဝန်မှ ရပ်စဲရမည်၊

(င) စွပ်စွဲပြစ်တင်မှု အထမမြောက်ပါက ဝန်ကြီးသည် မိမိ၏ တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

၁၃၃။ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ သက်တမ်း၊ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

(က) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ သက်တမ်းသည် သာမန်အားဖြင့် ပြည်ထောင်စုဝန်ကြီးချုပ်၏ သက်တမ်းအတိုင်းဖြစ်သည်၊

(ခ) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်ထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

(ဂ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဥပဒေပြဋ္ဌာန်းချက်အရ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးတစ်ဦးဦးအား နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်၊

(ဃ) နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး နေရာလစ်လပ်လျှင် ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးအသစ် သို့မဟုတ် ဒုတိယဝန်ကြီးအသစ်အား တာဝန်ပေးနိုင်သည်။ ထိုသို့ တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၏သက်တမ်းသည် ပြည်ထောင်စုဝန်ကြီးချုပ် ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်၊

(စ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။

၁၃၄။ ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဥပဒေအကြံဉာဏ်များရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာ တာဝန်များပေးအပ်နိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်-

(၁) အသက် ၄၅ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူ၊

(၃) (ကက) ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) ပြည်နယ်အဆင့်ထက် မနိမ့်သောတရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိအဖြစ် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး အနှစ် ၂၀ အမှုလိုက်ပါဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် ပြည်ထောင်စု ဝန်ကြီးချုပ်က ယူဆသူ။

(၄) ပြည်ထောင်စုနှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) ပြည်ထောင်စုရှေ့နေချုပ်အတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက အောက်လွှတ်တော်သည် ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ၊

(ဂ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ဖက်ဒရယ်အောက်လွှတ်တော်သို့ ထပ်မံတင်သွင်း ခွင့်ရှိသည်၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်သည် ပြည်ထောင်စုဝန်ကြီးချုပ်အား တာဝန်ခံရမည်၊

၁၃၅။ ပြည်ထောင်စုရှေ့နေချုပ်အား စွပ်စွဲပြစ်တင်ခြင်း

ပြည်ထောင်စုရှေ့နေချုပ်အား စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

၁၃၆။ ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်အား အထောက်အကူပြုရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘောဆန္ဒအလျောက် ဒုတိယရှေ့နေချုပ် အဖြစ် တာဝန်ပေးရမည် -

(၁) အသက် ၄၀ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(၃) (ကက) ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ်ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) ပြည်နယ် အဆင့်ထက်မနိမ့်သောတရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိအဖြစ် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူသို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် ပြည်ထောင်စုဝန်ကြီးချုပ်က ယူဆသူ။

(၄) ပြည်ထောင်စု နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) ဒုတိယရှေ့နေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်။

၁၃၇။ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ သက်တမ်း၊ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

(က) ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ သက်တမ်းသည် သာမန်အားဖြင့် ပြည်ထောင်စုဝန်ကြီးချုပ်၏ သက်တမ်းအတိုင်းဖြစ်သည်၊

(ခ) ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်သို့ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်၊

(ဂ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဥပဒေပြဋ္ဌာန်းချက်အရ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အား နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်၊

(ဃ) နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ် နေရာ လစ်လပ်လျှင် ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ် ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အသစ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အသစ်အား တာဝန်ပေးနိုင်သည်။ ထိုသို့ တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၏သက်တမ်းသည် ပြည်ထောင်စုဝန်ကြီးချုပ်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်စေရမည်၊

(စ) ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။

၁၃၈။ ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စု၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းများကို စစ်ဆေး၍ ဖက်ဒရယ်အောက်လွှတ်တော်သို့ တင်ပြနိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ပြည်ထောင်စုသမ္မတက ခန့်အပ်တာဝန် ပေးရမည် -

(၁) အသက် ၄၅ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူ၊

(၃) (ကက) ပြည်နယ်အဆင့်ထက်မနိမ့်သော စာရင်းစစ်အရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး ၂၀ နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ဂဂ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော စာရင်းစစ်ပညာရှင် သို့မဟုတ် စာရင်းအင်းပညာရှင်အဖြစ် ပြည်ထောင်စုဝန်ကြီးချုပ်က ယူဆသူ။

(၄) ပြည်ထောင်စုနှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြသနိုင်ပါက ဖက်ဒရယ်အောက်လွှတ်တော်သည် ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ၊

(ဂ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ဖက်ဒရယ်အောက်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ဖက်ဒရယ်အောက်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုအစိုးရ၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းများကို စိစစ်ပြီး စိစစ်တွေ့ရှိချက်များကို ခြောက်လတစ်ကြိမ် ပြည်ထောင်စုဝန်ကြီးချုပ်ထံ တင်ပြသည်နှင့်တစ်ပြိုင်နက် ဖက်ဒရယ်အောက်လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(င) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုဝန်ကြီးချုပ်အားလည်းကောင်း၊ ဖက်ဒရယ် လွှတ်တော်အားလည်းကောင်း တာဝန်ခံရမည်၊

၁၃၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်အား စွပ်စွဲပြစ်တင်ခြင်း

ပြည်ထောင်စုစာရင်းစစ်ချုပ်အား စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

၁၄၀။ ပြည်ထောင်စုဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်အား အထောက်အကူပြုရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘောဆန္ဒအလျောက် ပြည်ထောင်စုဒုတိယစာရင်း စစ်ချုပ်အဖြစ် တာဝန်ပေးရမည် -

(၁) အသက် ၃၅ နှစ် ပြည့်ပြီးသူ၊

(၂) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူ၊

(၃) (ကက) ပြည်နယ်အဆင့်ထက် မနိမ့်သော စာရင်းစစ်အရာရှိ ရာထူးတွင် အနည်းဆုံး ၁၀ နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ခခ) မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး ၁၅ နှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(ဂဂ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော စာရင်းစစ်ပညာရှင် သို့မဟုတ် စာရင်းအင်း ပညာရှင် သို့မဟုတ် စီးပွားရေးပညာရှင်အဖြစ် ပြည်ထောင်စုဝန်ကြီးချုပ်က ယူဆသူ။

(ဌ) ပြည်ထောင်စုနှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

(ခ) ဒုတိယစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ တစ်ဆင့် ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ဖက်ဒရယ်လွှတ်တော်အားလည်းကောင်း တာဝန်ခံရမည်၊

၁၄၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့၏ သက်တမ်း၊ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့၏ သက်တမ်းသည် သာမန်အားဖြင့် ပြည်ထောင်စု ဝန်ကြီးချုပ်၏ သက်တမ်းအတိုင်းဖြစ်သည်၊

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်သည် သက်တမ်းမကုန်ဆုံးမီ အကြောင်း တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း ပြည်ထောင်စု ဝန်ကြီးချုပ်ထံ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်၊

(ဂ) ပြည်ထောင်စုဝန်ကြီးချုပ်သည် ဥပဒေပြဋ္ဌာန်းချက်အရ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာမထမ်းဆောင် နိုင်သော ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အား နုတ်ထွက်ရန် ညွှန်ကြား နိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်၊

(ဃ) နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ် နေရာလစ်လပ်လျှင် ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ် ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု စာရင်းစစ်ချုပ်အသစ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အသစ်အား တာဝန်ပေးနိုင်သည်။ ထိုသို့ တာဝန် ပေးခြင်းခံရသည့် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၏သက်တမ်းသည် ပြည်ထောင်စုဝန်ကြီးချုပ်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာ ဖြစ်စေရမည်၊

(င) ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။

# အခန်း (၆)

# ပြည်ထောင်စုတရားစီရင်ရေး

၁၄၂။ ပြည်ထောင်စု ၏ တရားစီရင်ရေးဆိုင်ရာရုံးများကို အောက်ပါအတိုင်းဖွဲ့စည်းသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊

(ဂ) စစ်ဘက်ဆိုင်ရာတရားရုံးများ၊

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၁၄၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များတွင် ပြည်ထောင်စု၏ အမြင့်ဆုံးတရားရုံးဖြစ်ပြီး ၎င်း၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၄၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဖွဲ့စည်းခြင်းနှင့်ခန့်အပ်တာဝန်ပေးခြင်း

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ပြည်နယ်အသီးသီးက တစ်ဦးကျစီ စေလွှတ်သော တရားသူကြီးများဖြင့် ဖွဲ့စည်းရမည်။ ၄င်းတို့ထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် အချင်းချင်း ရွေးကောက်တင်မြှောက်ရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်များကို ပြည်ထောင်စုဝန်ကြီးချုပ်က ဖက်ဒရယ်အထက်လွှတ်တော်တွင် တင်သွင်းအတည်ပြုချက်ရယူပြီး ပြည်ထောင်စုသမ္မတက ခန့်အပ်ပေးရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ဖက်ဒရယ်အထက်လွှတ်တော်သည် အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(ဃ) သက်ဆိုင်ရာပြည်နယ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက် မရရှိသည့် အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းသစ်ကို ဖက်ဒရယ်အထက်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်

၁၄၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ဖက်ဒရယ်လွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စုနှင့် ပြည်နယ်များမှ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားတွင်လည်းကောင်း၊ ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးချုပ်က အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(စ) ဖက်ဒရယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအရ ပေးအပ်သည့်လုပ်ငန်းတာဝန်များ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု

၁၄၆။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ မရှိ၊ ညီညွတ်မှုရှိ မရှိ အငြင်းပွားမှုပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကလည်း တစ်စုံတစ်ရာ ဆုံးဖြတ်ချက် ချမှတ်ထားခြင်း မရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။ ယင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် တင်သွင်းခြင်း

၁၄၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက် တင်သွင်းခွင့်ရှိသည်-

(က) ပြည်ထောင်စုသမ္မတ၊

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်

(ဂ) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌ၊

(ဃ) ဖက်ဒရယ်အောက်လွှတ်တော်ဥက္ကဋ္ဌ၊

(င) ပြည်ထောင်စုတရားသူကြီးချုပ်

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊

(ဆ) ပြည်နယ်ဝန်ကြီးချုပ်များ သို့မဟုတ် ပြည်နယ်အကြီးအကဲများ၊

(ဇ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့်

(ဈ) ပြည်နယ်တရားသူကြီးချုပ်များ။

၁၄၈။ အောက်ပါပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့် ရှိသည်-

(က) ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ဦးရေအနည်းဆုံး ၁၀ ရာခိုင်နှုန်း

(ခ) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ဦးရေအနည်းဆုံး ၁၀ ရာခိုင်နှုန်း

၁၄၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်တစ်ဦးသည် -

(က) လွှတ်တော်တစ်ရပ်ရပ်၏ကိုယ်စားလှယ်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) နိုင်ငံရေးပါတီတစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၁၅၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း ပြည်ထောင်စုသမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၅၁။ အကြောင်းတစ်ခုခုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်ရာထူးနေရာ လစ်လပ်လျှင် ၎င်းအဖွဲ့ဝင်အား စေလွှတ်ခဲ့သော ပြည်နယ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်ရန် အရည်အချင်း ပြည့်မီသူ တစ်ဦးအား ပေးပို့ရမည်။

၁၅၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်၏ အရည်အချင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ၊

(ဂ) (၁) ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(၂) ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ သို့မဟုတ်

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော တရားရေးပညာရှင် ဖြစ်သူ။

(ဃ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊

(င) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ၊

(စ) ပြည်ထောင်စုနှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

၁၅၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်း

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-

(၁) ပြည်ထောင်စု၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖွဲ့ဝင်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့် ပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၅၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သက်တမ်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သက်တမ်းသည် ၁၀ နှစ် ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီး ဖြစ်သော်လည်း လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအသစ် ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၁၅၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဖက်ဒရယ်လွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး ပြည်ထောင်စုသမ္မတက အတည်ပြုပေးရမည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၅၆။ ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များမှအပ ပြည်ထောင်စု၏ အမြင့်ဆုံးတရားစီရင်မှုအာဏာကို လွတ်လပ်စွာ ကျင့်သုံးပြီး ၎င်း၏အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူလမှုစီရင်ပိုင်ခွင့်အာဏာများ

၁၅၇။(က)ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ အောက်ပါကိစ္စရပ်များအတွက် မူလမှုစီရင်ပိုင်ခွင့် အာဏာများရှိသည်-

(၁) ပြည်ထောင်စုကချုပ်ဆိုသော နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ၊

(၂) ပြည်ထောင်စုနှင့် ပြည်နယ်အကြားသော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားသော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနှင့် ပြည်နယ်အကြားသော်လည်းကောင်း ဖြစ်ပွားသည့်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများနှင့် ပြည်နယ်သို့ သီးခြားပေးအပ်ထားသော လုပ်ပိုင်ခွင့် အာဏာဆိုင်ရာကိစ္စရပ်များမှအပဖြစ်သော အခြားအငြင်းပွားမှုများ၊

(၃) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စု၏ အမြင့်ဆုံးတရားရုံး ဖြစ်သည့် အားလျော်စွာ နောက်ဆုံးအပြီးအပြတ် အယူခံဝင်ရာ တရားရုံးဖြစ်သည်၊

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံ ဝင်ခွင့်မရှိစေရ၊

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဥပဒေနှင့်အညီ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာရှိသည်။

၁၅၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်-

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊

(၂) အာဏာပေးစာချွန်တော်အမိန့်၊

(၃) တားမြစ်စေစာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့်

(၅) အမှုခေါ်စာချွန်တော်အမိန့်။

(ခ) ပြည်ထောင်စုအတွင်း အရေးပေါ်အခြေအနေများပေါ်ပေါက်ကြောင်း ကြေညာသည့် ဒေသတွင် စာချွန်တော် အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

တရားစီရင်ရေးဆိုင်ရာ ဘဏ္ဍာငွေအရအသုံးစာရင်း

၁၅၉။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုအစိုးရထံ တင်ပြရမည်။

တရားစီရင်ရေးဆိုင်ရာ အခြေအနေတင်ပြခြင်း

၁၆၀။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖက်ဒရယ်လွှတ်တော်အစည်းအဝေးများတွင် ပြည်ထောင်စု သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တရားစီရင်ရေးဆိုင်ရာအခြေအနေကို အခါအားလျော်စွာ တင်ပြနိုင်သည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

၁၆၁။(က)ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အကြီးအမှူးကို ပြည်ထောင်စုတရားသူကြီးချုပ်ဟု ခေါ်ဆိုရမည်၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး ၉ ဦး ခန့်အပ်ရမည်၊

(ဂ) (၁) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်၏ အမည်စာရင်းကို ဖက်ဒရယ်အထက်လွှတ်တော်သို့ တင်သွင်း သဘောတူညီချက် ရယူပြီး ပြည်ထောင်စုသမ္မတက ခန့်အပ်ပေးရမည်၊

(၂) သတ်မှတ်ထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ဖက်ဒရယ် အထက်လွှတ်တော်သည် ပြည်ထောင်စုဝန်ကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူကို ငြင်းပယ်ခွင့် မရှိစေရ၊

(၃) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရန် ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ဖက်ဒရယ်အထက်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(၄) ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စု တရားသူကြီးချုပ် အဖြစ် ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်။

(ဃ) (၁) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းကာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဖက်ဒရယ်အထက်လွှတ်တော်သို့ တင်သွင်းသဘောတူညီချက်ရယူရမည်၊

(၂) သတ်မှတ်ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ဖက်ဒရယ်အထက်လွှတ်တော်သည် ပြည်ထောင်စုဝန်ကြီးချုပ်က ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူများကို ငြင်းပယ်ခွင့်မရှိစေရ၊

(၃) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးရန် ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ဖက်ဒရယ်အထက်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(၄) ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက် ရရှိသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်။

၁၆၂။(က)ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်၊

(ခ) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ နှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများ

၁၆၃။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၅၀ နှစ်ထက်မငယ်၊ အသက် ၆၅ နှစ်ထက်မကြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ၊

(ဂ) ကျန်းမာရေးကောင်းမွန်သူ

(ဃ) (၁) ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(၂) ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ သို့မဟုတ်

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော တရားရေးပညာရှင်အဖြစ် ပြည်ထောင်စုဝန်ကြီးချုပ်က ယူဆသူ။

(င) ပြည်ထောင်စု နှင့် နိုင်ငံသားများအပေါ်သစ္စာရှိသူ၊

(စ) နိုင်ငံရေးပါတီဝင် မဟုတ်သူ၊

(ဆ) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း

၁၆၄။(က)ပြည်ထောင်စုဝန်ကြီးချုပ် သို့မဟုတ် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက်မနည်းသော ဖက်ဒရယ်အထက်လွှတ်တော် သို့မဟုတ် ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-

(၁) ပြည်ထောင်စု၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

(ခ) စွပ်စွဲပြစ်တင်သည့်အခါ

(၁) စွပ်စွဲချက်ကို ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(၂) ဖက်ဒရယ်အထက်လွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး စေရမည်၊

(၃) စုံးစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဖက်ဒရယ်အောက်လွှတ်တော်နှင့် ဖက်ဒရယ်အထက်လွှတ်တော်ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်စေပြီး ယင်းအဖွဲ့ဝင်များထဲမှ သင့်လျော်သူတစ်ဦးဦးကို စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ပေးရမည်၊

(၄) စုံးစမ်းစစ်ဆေးရမည့် လုပ်ငန်းပမာဏကို ထောက်ရှု၍ စုံစမ်းစစ်ဆေးမှု ပြီးစီးရမည့် အချိန်ကာလကိုလည်း သတ်မှတ်ပေးရမည်၊

(၅) ပြည်ထောင်စုဝန်ကြီးချုပ် သို့မဟုတ် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက် မနည်းသော ဖက်ဒရယ်အထက်လွှတ်တော် သို့မဟုတ် ဖက်ဒရယ်အောက်လွှတ်တော် ကိုယ်စားလှယ်များသည် မိမိတို့၏ စွပ်စွဲချက်နှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်စေလွှတ်၍သော်လည်းကောင်း စုံးစမ်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် ရှင်းလင်းတင်ပြနိုင်သည်။ သက်ဆိုင်ရာအထောက်အထားများနှင့် သက်သေများကိုလည်း တင်ပြနိုင်ခွင့် ရှိသည်၊

(၆) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ စွပ်စွဲပြစ်တင်ခြင်းခံရသူအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊

(၇) စွပ်စွဲပြစ်တင်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းတွေ့ရှိချက်ကို တင်ပြလာသည့်အခါ အထက်လွှတ်တော်ဥက္ကဋ္ဌသည် အထက်လွှတ်တော်သို့တင်ပြရမည်၊

(၈) အထက်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် အထက်လွှတ်တော်ဥက္ကဋ္ဌသည် ထိုဆုံးဖြတ်ချက်ကို ပြည်ထောင်စု သမ္မတထံ တင်ပြအစီရင်ခံရမည်၊

(၉) ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်အထက်လွှတ်တော် ဥက္ကဋ္ဌက တင်ပြအစီရင်ခံလာသော စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်၊

(၁၀) စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း အထက်လွှတ်တော်က ဆုံးဖြတ်လျှင် ထိုသို့ဆုံးဖြတ်ကြောင်းကို အထက်လွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးချုပ် သို့မဟုတ် စွပ်စွဲသည့် လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ထံသို့ အကြောင်းပြန်ကြားရမည်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ရာထူးသက်တမ်း

၁၆၅။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၇၀ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်

(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊

(ဂ) ဥပဒေအရ သတ်မှတ်သောဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊

(ဃ) ကွယ်လွန်ခြင်း။

၁၆၆။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်။

**စစ်ဘက်ဆိုင်ရာတရားရုံးများ**

၁၆၇။ စစ်ဘက်ဆိုင်ရာတရားရုံးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်း၍ တပ်မတော်သားများအတွက် တရားစီရင်ရမည်။ စစ်ဘက်ဆိုင်ရာတရားရုံးများသည် စစ်ဘက်ဆိုင်ရာ ကိစ္စရပ်များကိုသာ စီရင်ပိုင်ခွင့်ရှိသည်။ တပ်မတော်သားတစ်ဦးသည် အရပ်ဘက်ဆိုင်ရာ ပြစ်မှုများ ကျူးလွန်ပါက အရပ်ဘက်ဆိုင်ရာ ဥပဒေဖြင့် တရားစီရင်ရမည်။

# အခန်း (၇)

# ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေး

၁၆၈။ ပြည်ထောင်စု၏ လုံခြုံရေးတပ်ဖွဲ့များသည် ပြည်ထောင်စု၏ နယ်နိမိတ်တွင်းနေထိုင်သူများ၊ နယ်နိမိတ်ပြင်ပ ရောက်နိုင်ငံသူနိုင်ငံသားများ၏ လုံခြုံရေး၊ တန်းတူအခွင့်အရေး၊ တရားမျှတရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ ပြည်ထောင်စု၏ လုံခြုံရေးမူဝါဒသည် လူသားများ၏ လူမှုဘဝလုံခြုံရေးကို ဦးတည်သော မူဝါဒဖြစ်သည်။

၁၆၉။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများ

(က) ပြည်ထောင်စုအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် မည်သည့်အခြေအနေတွင်မဆို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့်အုပ်ချုပ်မှု အောက်တွင်သာ ရှိရမည်ဖြစ်ပြီး ပြည်ထောင်စု၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဟူသည့် မဏ္ဍိုင်ကြီး (၃) ရပ်၏ ထိန်းကျောင်းကွပ်ကဲမှုကို လေးစားလိုက်နာခံယူရမည်။

(ခ) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေများအား လေးစားလိုက်နာရမည်။

(ဂ) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဥပဒေများနှင့်အညီ ပြဋ္ဌာန်းထားသော လူ့အခွင့်အရေးဆိုင်ရာနှင့် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ စံချိန်၊ စံညွှန်းများကို လေးစားလိုက်နာရမည်။

(ဃ) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လုံခြုံရေးမဟာဗျူဟာ ချမှတ်ရာတွင် စစ်ရေးဆိုင်ရာလုံခြုံမှုအပြင် စီးပွားရေးဆိုင်ရာ လုံခြုံမှု၊ လူမှုရေးဆိုင်ရာလုံခြုံမှု၊ နိုင်ငံရေးဆိုင်ရာလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင် လုံခြုံမှု၊ သဘာဂအရင်းအမြစ်နှင့် စွမ်းအင်လုံခြုံမှု စသည်တို့ကို ထည့်သွင်းစဉ်းစားသော လူသားလုံခြုံရေး ရှုထောင့်မှ ချဉ်းကပ်ရမည်။

(င) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့်လုံခြုံရေးမူဝါဒများကို ချမှတ်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ ရပိုင်ခွင့်၊ ကိုယ်ပိုင်လက္ခဏာနှင့် စုပေါင်းအခွင့်အရေးများကို မထိခိုက်စေရ။

(စ) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့်လုံခြုံရေးတပ်ဖွဲ့များ၏ ဖွဲ့စည်းပုံတွင် သက်ဆိုင်ရာ ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ လူမျိုးအလိုက်ခွဲခြား ကန့်သတ်မှုမရှိစေဘဲ တန်းတူအခွင့်အရေးရှိရမည်။

(ဆ) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့်လုံခြုံရေးတပ်ဖွဲ့များသည် မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် ပုဂ္ဂိုလ် သို့မဟုတ် လူတစ်စု သို့မဟုတ် လူမျိုးတစ်မျိုး၏ လွှမ်းမိုး ဩဇာခံမဖြစ်စေရ။

(ဇ) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့်လုံခြုံရေးတပ်ဖွဲ့များ ရာထူးတာဝန်ခန့်အပ်ရာတွင် လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ လိင်ကွဲပြားမှုအပေါ်အခြေတည်၍ ခွဲခြားဆက်ဆံမှု မရှိစေရ။

(ဈ) ပြည်ထောင်စု၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ အသုံးစရိတ်များကို ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။ သုံးစွဲမှုဆိုင်ရာရှင်းတမ်းအား လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြရမည်။

(ည) မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများအပါအဝင် လုံခြုံရေးဝန်ထမ်းများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများအပါအဝင် လုံခြုံရေးဝန်ထမ်းများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။

၁၇၀။ ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ်

လူမျိုးပေါင်းစုံ၊ ဘက်ပေါင်းစုံ လွှမ်းခြုံပူးပေါင်းပါဝင်သည့် ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ်တစ်ရပ် တည်ဆောက်ရမည်။

၁၇၁။ ဖက်ဒရယ်တပ်မတော်

(က) ဖက်ဒရယ်တပ်မတော်၏ အဓိကတာဝန်သည် ပြည်ပရန်ကိုကာကွယ်ရန်ဖြစ်သည်။

(ခ) ဖက်ဒရယ်တပ်မတော်သည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာထောက်ထားသည့် ဥပဒေများ၊ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လွှတ်တော်များ၏ ပြဋ္ဌာန်းဥပဒေများကို လေးစားလိုက်နာရမည်။

(ဂ) ပြည်ထောင်စုတခုလုံး၏ စုစုပေါင်းအမြဲတမ်းစစ်သည်အင်အားသည် ပြည်ထောင်စုလူဦးရေ၏ ၀.၅% ထက် ကျော်လွန်ခြင်း မရှိစေရ။ လိုအပ်သည့်အချိန်တွင် အင်အားဖြည့်တင်းနိုင်ရန် အရန်တပ်ဖွဲ့များ ထားရှိနိုင်သည်။

(ဃ) ဖက်ဒရယ်တပ်မတော်စစ်ဦးစီးများအဖွဲ့ကို ပြည်ထောင်စုကာကွယ်ရေးဝန်ကြီးဌာန၏လက်အောက်တွင် ဖွဲ့စည်းထားရှိရမည်။ စစ်ဦးစီးများအဖွဲ့ကို ပြည်နယ်အသီးသီးမှ စေလွှတ်သော စစ်ဦးစီးများဖြင့် ဖွဲ့စည်းရမည်။ စစ်ဦးစီးများထဲမှ တစ်ဦးကို စစ်ဦးစီးချုပ်အဖြစ် ပြည်ထောင်စုဝန်ကြီးချုပ်က ခန့်အပ်ရမည်။

(င) ဖက်ဒရယ်တပ်မတော်တွင် လိုအပ်ချက်နှင့်အညီ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့ကို သီးခြားစီခွဲ၍ ဖွဲ့စည်းရမည်။

(စ) ဖက်ဒရယ်တပ်မတော်၏ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အတွက် သီးခြားစစ်တက္ကသိုလ်များကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ဆ) စစ်ပညာလေ့ကျင့်သင်ကြားပို့ချရေး သင်တန်းကျောင်း အသီးသီးအတွက် စစ်ဘက်ဆိုင်ရာဘာသာရပ်များ အပြင် ဒီမိုကရေစီအခြေခံကျင့်စဉ်များ၊ လူ့အခွင့်အရေးဆိုင်ရာဘာသာရပ်၊ နိုင်ငံတကာ၏ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာဥပဒေများ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် အခြားလိုအပ်သော ဘာသာရပ်များကို သင်ရိုးညွှန်းတမ်းများပြုစု၍ ရေးဆွဲပြဋ္ဌာန်းပေးရမည်။

(ဇ) ဖက်ဒရယ်တပ်များအား ပြည်နယ်များတွင် နေရာချထားရန်လိုအပ်ပါက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီသာ ပြုလုပ်ရမည်။

(ဈ) ဖက်ဒရယ်တပ်မတော်ဆိုင်ရာဥပဒေကို ဖက်ဒရယ်လွှတ်တော်က ဥပဒေပြုပြဋ္ဌာန်းရမည်။

၁၇၂။ ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုကာကွယ်ရေးနှင့်လုံခြုံရေးတွင် ပြည်သူများပါဝင်ရေးအတွက် အကူအညီရယူနိုင်သည်။

၁၇၃။ စစ်မှုထမ်းခြင်းဆိုင်ရာဥပဒေ

ပြည်ထောင်စု၏ အရွယ်ရောက်ပြီးသော နိုင်ငံသားတိုင်း ဥပဒေအရ စစ်မှုထမ်းရမည်။ နိုင်ငံသားများ စစ်မှုထမ်းရေးဆိုင်ရာဥပဒေကို ဖက်ဒရယ်လွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

၁၇၄။ ပြည်ထောင်စုတွင် ဘေးအန္တရာယ်များကျရောက်လာလျှင် ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်တပ်မတော်နှင့် ပြည်နယ်လုံခြုံရေးတပ်တို့အား ကူညီဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်သည်။

၁၇၅။ ပြည်ထောင်စုဝန်ကြီးချုပ်သည် စစ်ဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရာတွင် ပြည်ထောင်စုသမ္မတ၏ အတည်ပြုချက်ကို ရယူရမည်။

၁၇၆။ စစ်ဘက်တရားစီရင်ရာတွင်

(က) တပ်မတော်သားများအတွက် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ စစ်ဖက်ဆိုင်ရာဥပဒေနှင့်အညီ စီရင်နိုင်သည်၊

(ခ) တပ်မတော်သားများသည် အရပ်ဘက်ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက အရပ်ဘက် ဥပဒေဖြင့် စီရင်နိုင်ရန် အရပ်ဘက်တရားစီရင်ရေးသို့ လွှဲအပ်ပေးရမည်။

(ဂ) တပ်မတော်သားများသည် စစ်ဘက်ဆိုင်ရာဥပဒေများနှင့် အရပ်ဘက်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာရမည်။

၁၇၇။ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်များ

ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားဖွဲ့စည်းရမည်။

၁၇၈။ ပြည်ထောင်စု ရဲတပ်ဖွဲ့

(က) ပြည်ထောင်စုနှင့်သက်ဆိုင်သော လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ပြည်ထောင်စုရဲတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ပြည်ထောင်စုရဲတပ်ဖွဲ့ကို အရပ်သားပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးလက်အောက်တွင် ထားရှိရမည်။

(ဂ) ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် သက်ဆိုင်သည့် ဥပဒေများကို ဖက်ဒရယ်လွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

၁၇၉။ ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့

(က) ပြည်ထောင်စုလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အထောက်အကူပြုနိုင်ရန်အတွက် ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့သည် အရပ်သားပြည်ထောင်စုအစိုးရအုပ်ချုပ်ရေး လက်အောက်တွင် ရှိသည်။

(ဂ) ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့နှင့် သက်ဆိုင်သည့် ဥပဒေများကို ဖက်ဒရယ်လွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

(ဃ) စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးအဖွဲ့အစည်းဖြစ်စေ၊ အရပ်ဘက်ဆိုင်ရာထောက်လှမ်းရေးအဖွဲ့အစည်းဖြစ်စေ သက်ဆိုင်ရာအစိုးရ၏ စီမံကွပ်ကဲမှုအောက်တွင်သာ ရှိရမည်။

၁၈၀။ ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ထောက်လှမ်းရေးတပ်ဖွဲ့နှင့်လုံခြုံရေးတပ်ဖွဲ့များ

ပြည်နယ်ရဲတပ်ဖွဲ့များသည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ စီမံကွပ်ကဲမှုအောက်တွင် ရှိရမည်။

(က) ပြည်နယ်ရဲတပ်ဖွဲ့များသည် ပြည်နယ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ပြည်နယ်ရဲသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်သည်။

(ဂ) ပြည်နယ်အစိုးရသည် ပြည်နယ်ထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်၊

(ဃ) ပြည်နယ်၏လိုအပ်ချက်အရ ပြည်နယ်လုံခြုံရေးတပ်များကို ဖွဲ့စည်းနိုင်သည်။ ယင်းလုံခြုံရေးတပ်များသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ စီမံကွပ်ကဲမှုအောက်တွင် ရှိရမည်။ ပြည်နယ်လုံခြုံရေးတပ်ဖွဲ့၏ စုစုပေါင်း အမြဲတမ်းအင်အားသည် သက်ဆိုင်ရာ ပြည်နယ်လူဦးရေ၏ ၀.၅ % ထက်ကျော်လွန်ခြင်း မရှိစေရ။

# အခန်း (၈)

## အာဏာခွဲဝေခြင်း (Division of Power)

၁၈၁။ ပြည်သူလူထုနှင့်အနီးကပ်ဆုံးအစိုးရ၏ ဆောင်ရွက်နိုင်စွမ်းထက် ကျော်လွန်သည့် ကိစ္စရပ်များကိုသာ အထက်အစိုးရအဆင့်ဆင့်က တာဝန်ယူဆောင်ရွက်ရသည့်မူဝါဒ (subsidiarity principle) အပေါ်အခြေခံ၍ အာဏာခွဲဝေခြင်းကို အောက်ပါအတိုင်းခွဲဝေကျင့်သုံးသည်။

(က) ပြည်ထောင်စုအာဏာ

(ခ) ပြည်နယ်အာဏာ

(ဂ) ထပ်တူပြုအာဏာ

(ဃ) ကြွင်းကျန်အာဏာ

### (က) ပြည်ထောင်စုအာဏာ

(၁) နိုင်ငံခြားရေး၊

(၂) ငွေစက္ကူ ထုတ်လုပ်ရေး၊

(၃) ပြည်ထောင်စုစာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေး၊

(၄) ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေး၊

(၅) ပြည်ထောင်စုတရားစီရင်ရေးကဏ္ဍ၊

(၆) ပြည်ထောင်စုဆိုင်ရာလူမှုဖူလုံရေး၊

(၇) ပြည်ထောင်စုဆိုင်ရာစက်မှုလက်မှုနှင့် နည်းပညာကဏ္ဍ၊

(၈) ပြည်ထောင်စုဆိုင်ရာအခြေခံအဆောက်အအုံများ၊

(၉) နိုင်ငံသားဆိုင်ရာကိစ္စရပ်များ၊

(၁၀) ပြည်ထောင်စုဘဏ္ဍာရေး၊

(၁၁) ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ (Federal Law Enforcement Bodies)၊

(၁၂) ပြည်နယ် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊

(၁၃) ပြည်ထောင်စုသယ်ယူပို့ဆောင်ရေး၊

(၁၄) ပြည်ထောင်စုကုန်သွယ်ရေး၊ ပြည်နယ်တစ်ခုနှင့် တစ်ခုကုန်သွယ်ရေး၊

(၁၅) လူဝင်မှုကြီးကြပ်ရေး၊

(၁၆) ပြည်ထောင်စုဗဟိုဘဏ်၊

(၁၇) အဏုမြူစွမ်းအင်၊

(၁၈) လေထုနှင့် အာကာသဆိုင်ရာ၊

(၁၉) ပြည်ထောင်စုတစ်ဝှမ်းအသုံးပြုမည့် စံအလေးတင်းတောင်း အချိန်အတွယ်ဆိုင်ရာ သတ်မှတ်မှုများ၊

(၂၀) ပြည်ထောင်စုပညာရေးဆိုင်ရာ အရည်အသွေးနှင့် စံနှုန်းသတ်မှတ်ခြင်း၊

(၂၁) ပြည်ထောင်စုကျန်းမာရေး၊

**(ခ) ပြည်နယ်အာဏာ**

(၁) ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့

(၂) ပြည်နယ်ပညာရေး၊

(၃) ပြည်နယ်ကျန်းမာရေး၊

(၄) ပြည်နယ်တရားစီရင်ရေး

(၅) ပြည်နယ် လူမှုဖူလုံရေး၊

(၆) ပြည်နယ်အခြေခံအဆောက်အအုံများ၊

(၇) ပြည်နယ်သားဆိုင်ရာ ကိစ္စရပ်များ၊

(၈) ရေ၊ မြေယာ နှင့် သယံဇာတ၊

(၉) တောင်သူလယ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊

(၁၁) ပြည်နယ်ဘဏ္ဍာရေး၊

(၁၂) ပြည်နယ်အခွန်နှင့် အခွန်ဘဏ္ဍာဆိုင်ရာကိစ္စရပ်များ၊

(၁၃) ဒေသန္တရအုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထူထောင်ခြင်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ၊

(၁၄) နေအိမ်၊ ဥပစာ၊ မြေယာ၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၁၅) ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး

(၁၆) ပြည်နယ်ဆိုင်ရာ စက်မှုလက်မှုနှင့် နည်းပညာကဏ္ဍ၊

(၁၇) အလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊

(၁၈) ကမ်းနီးလုံခြုံရေးတပ်ဖွဲ့၊

(၁၉) ဉာဏပစ္စည်းမူပိုင်ခွင့်၊

(၂၀) ပြည်နယ်လျှပ်စစ်စွမ်းအင်၊

(၂၁) နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းနေထိုင်ခြင်း၊

**(ဂ) ထပ်တူပြုအာဏာ**

(၁) အကောက်ခွန်နှင့် အခွန်ဘဏ္ဍာဆိုင်ရာကိစ္စရပ်များ၊

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

(၃) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ၊

(၄) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်းရှိ ပြည်ထောင်စု၏ စီမံကိန်းများ၊

(၅) နိုင်ငံခြားအစိုးရများနှင့်ကုမ္ပဏီများမှ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ၊

(၆) ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ၊

(၇) ဘဏ်နှင့် အာမခံလုပ်ငန်းများ၊

(၈) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တစ်နယ်မှတစ်နယ်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များနှင့် ရေကြောင်းဆိုင်ရာ စည်းမျည်းသတ်မှတ်ချက်များ၊ ပြည်တွင်းရေကြောင်းနှင့် ကမ်းရိုးတန်းသယ်ယူပို့ဆောင်ရေးဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ၊

(၉) အလုပ်သမားဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊

(၁၀) တောင်သူလယ်သမားဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊

(၁၁) ကုန်သွယ်ရေး၊

(၁၂) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အစီအမံများ (Anti – Corruption Measures) ၊

(၁၃) ဆိပ်ကမ်းခွန်၊

(၁၄) လျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊

(၁၅) ရေးဟောင်းအမွေအနှစ်၊

(၁၆) နယ်စပ်ကုန်သွယ်ရေး၊

(၁၇) ပင်လယ်ဆိပ်ကမ်းအကောက်ခွန်၊

(ဃ) ကြွင်းကျန်အာဏာ

ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်နေသည့်အာဏာများသည် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များတွင် တည်ရှိသည်။

# အခန်း (၉)

## ဖက်ဒရယ်ဘဏ္ဍာရေး အစီအမံများ

၁၈၂။ ဖယ်ဒရယ်ပြည်ထောင်စုသည် ဖယ်ဒရယ်ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုစံတန်ဖိုးအဖြစ် ထားရှိရမည်-

(က) ပြည်သူ့ဗဟိုပြုစနစ်

(ခ) သာတူညီမျှရေး

(ဂ) ပွင့်လင်းမြင်သာမှု

(ဃ) ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

၁၈၃။ ဖယ်ဒရယ်ပြည်ထောင်စုအတွင်း ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(က) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာငွေလျာထားခြင်းနှင့် ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း၊

(ခ) အလျားလိုက် သာတူညီမျှမှု အဆင့်တစ်ခုထိ ရရှိစေခြင်း၊

(ဂ) စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်အား ထောက်ပံ့အားပေးခြင်း၊

(ဃ) မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ထွန်းစေခြင်း၊

(င) ပြိုင်ဆိုင်ခြင်း၏ အကျိုးကျေးဇူးများအား ရယူအသုံးချခြင်း၊

၁၈၄။ အခြေခံမူများ

(က) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့၏ အသုံးစရိတ်နှင့်အခွန်ကောက်ခံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ၊ အစိုးရအချင်းချင်းအကြား ဘဏ္ဍာငွေလွှဲပြောင်းရေးစနစ်နှင့် သာတူညီမျှရေး ဘဏ္ဍာငွေလွှဲပြောင်းခြင်းဆိုင်ရာ နည်းလမ်းများကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တို့သည် အခွန်ဘဏ္ဍာကောက်ခံသော ယန္တရားသီးခြားစီ ရှိရမည်။

(ဂ) ပြည်နယ်တစ်ခု၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်ကို အခြားပြည်နယ်ကလည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုကလည်းကောင်း ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရ။

(ဃ) ပြည်နယ်အချင်းချင်းအကြား ဘဏ္ဍာငွေလွှဲပြောင်းမှုများ ပြုလုပ်ခွင့်ရှိသည်။

(င) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်သူလူထုနှင့်အနီးကပ်ဆုံး အစိုးရ၏ ဆောင်ရွက်နိုင်စွမ်းထက်ကျော်လွန်သည့်ကိစ္စရပ်များကိုသာ အထက်အစိုးရအဆင့်ဆင့်က တာဝန်ယူဆောင်ရွက်ရသည့်မူဝါဒ (subsidiarity principle) ကို ကျင့်သုံးရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြား လိုအပ်ချက်အရ ဘဏ္ဍာခွဲဝေမှုများဆောင်ရွက်ရာတွင် ပြည်နယ်အသီးသီး၏ အခြေခံလူမှုဘဝမျှခြေရှိရေးကိုအာမခံနိုင်သည့် ဘဏ္ဍာငွေခွဲဝေမှု ဖြစ်ရမည်။

ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် သက်ဆိုင်ရာ ပြည်နယ်က အဓိက ဦးဆောင်ခွင့်ရှိစေရမည်။

(ဆ) ပြည်နယ်များ သာတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သော အခြေခံအဆောက်အအုံများ၊ စီမံကိန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖက်ဒရယ်ပြည်ထောင်စုနှင့် သက်ဆိုင်ရာပြည်နယ်များက ပူးတွဲဖော်ဆောင်ရမည်။

(ဇ) ဒေသန္တရအဆင့်အုပ်ချုပ်မှုများ ထိရောက်စွာလည်ပတ်နိုင်ရန် လုံလောက်သောအခွင့်အာဏာများနှင့် အခွန်ဘဏ္ဍာများရှိစေရမည့်အပြင် ဒေသန္တရအုပ်ချုပ်မှုများကို ပြည်နယ်အစိုးရက ထိန်းချုပ်သောနည်းဖြင့် မဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်သောနည်းဖြင့် ကူညီရမည်။

(ဈ) ပြည်ထောင်စုရင်နှီးမြှုပ်နှံမှုကော်မရှင်အား ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအသီးသီးမှ တာဝန်ပေးအပ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မရှင်များကို သီးခြားဖွဲ့စည်းရမည်။

(ည) ပြည်ထောင်စုအစိုးရသည် ငွေကြေးဆိုင်ရာကိစ္စရပ်များအား စီမံခန့်ခွဲရန်အတွက် လွတ်လပ်သော ပြည်ထောင်စုဗဟိုဘဏ်ဥက္ကဋ္ဌအား ခန့်အပ်တာဝန်ပေးရမည်။ ပြည်နယ်အစိုးရများသည် ငွေကြေး ဆိုင်ရာကိစ္စရပ်များအား စီမံခန့်ခွဲရန်အတွက် လွတ်လပ်သည့် ပြည်နယ်ငွေကြေးနှင့်ဘဏ်များ စီမံခန့်ခွဲမှုဆိုင်ရာကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ဋ) ပြည်ထောင်စုအစိုးရသည် ဖယ်ဒရယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်တွင်း၊ ပြည်ပချေးငွေများနှင့် အကူအညီငွေများကို ရယူနိုင်သည်။

(ဌ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြားသော်လည်းကောင်း၊ ပြည်နယ်အစိုးရ အချင်းချင်းအကြား သော်လည်းကောင်း ချေးငွေဆိုင်ရာ ကိစ္စရပ်များ၊ အကူအညီရငွေများနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းများကို သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်အရသာလျှင် ဆောင်ရွက်ရမည်။

(ဍ) ဖက်ဒရယ်ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်တို့တွင် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဖော်ဆောင်ရာ၌ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတာဝန်ယူမှုနှင့် သာတူညီမျှမှုတို့အပေါ်တွင် အခြေခံရမည်။

၁၈၅။ ပြည်ထောင်စုဝန်ကြီးချုပ်သည် အောက်ဖော်ပြပါ အကြောင်းအရာများ ပါဝင်သည့် ဖယ်ဒရယ်ဘဏ္ဍာရေးဆိုင်ရာ မူဝါဒအသေးစိတ်ကို ရေးဆွဲ၍ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်၏ သဘောတူညီချက်နှင့်အတူ ဖယ်ဒရယ်လွှတ်တော်သို့ တင်သွင်းကာ အတည်ပြုချက်ရယူရမည်-

(က) ဘဏ္ဍာရေးဆိုင်ရာ အစီအမံများ၊

(ခ) အသုံးစရိတ်နှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်သတ်မှတ်ခြင်း၊

(ဂ) အစိုးရများအကြား ဘဏ္ဍာရေးလွှဲပြောင်းခြင်း၊

(ဃ) သာတူညီမျှရေး ဘဏ္ဍာငွေလွှဲပြောင်းခြင်း၊

(င) သဘာဝသယံဇာတ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှု၊

(စ) မူဝါဒဆိုင်ရာ သဟဇာတဖြစ်ခြင်း၊

(ဆ) ချေးငွေဆိုင်ရာ မဟာဗျူဟာမူဘောင်၊

၁၈၆။ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီးချုပ် | - ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုစာရင်းစစ်ချုပ် | - အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုရှေ့နေချုပ် | - အဖွဲ့ဝင် |
| (၄) | ပြည်နယ်အကြီးအကဲများ | - အဖွဲ့ဝင်များ |
| (၅) | ပြည်ထောင်စုနယ်မြေအကြီးအကဲ | - အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဗဟိုဘဏ်ဥက္ကဋ္ဌ | - အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုရင်းနှီးမြုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ | - အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး | - အတွင်းရေးမှူး |

(ခ) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်းကို ပြည်ထောင်စုဝန်ကြီးချုပ်က ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရေးကော်မတီ ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်မည့် ရာထူးနေရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် တာဝန်ပေးအပ်ခြင်းခံရသူ မရှိသေးပါက ပြည်ထောင်စုဝန်ကြီးချုပ်သည် ထိုနေရာအတွက် သင့်တော်သည့်ပုဂ္ဂိုလ်တစ်ဦးဦးအား ယာယီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၁၈၇။ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

(က) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ လျာထားချက်ငွေစာရင်းများနှင့် ပြည်နယ်ဘဏ္ဍာရေးကော်မရှင်၏ထောက်ခံချက်ရရှိပြီး ပြည်ထောင်စုသို့ တင်ပြလာသည့် ပြည်နယ်များ၏ ဘဏ္ဍာငွေ အရ အသုံး ခန့်မှန်းခြေလျာထားချက်ငွေစာရင်းများအား ဖယ်ဒရယ်ဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့်အညီ စိစစ်၍၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအား သာတူညီမျှစွာ ခွဲဝေပေးခြင်း၊ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့်ချေးငွေများအား ထုတ်ချေးပေးခြင်း စသည်တို့ပါဝင်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ အသုံး ဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုဝန်ကြီးချုပ်က ဖယ်ဒရယ်လွှတ်တော်သို့ ဥပဒေကြမ်းအဖြစ် တင်သွင်း အတည်ပြုနိုင်ရေး ထောက်ခံတင်ပြရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သည် -

(၁) ဖယ်ဒရယ်ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် အကြံပြုပေးရမည်၊

(၂) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဖက်ဒရယ်လွှတ်တော်သို့ ထောက်ခံတင်ပြရမည်၊

(၃) ဖက်ဒရယ်လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးအပ်သည့် ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုအစိုးရက ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသို့ ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် တာဝန်ယူ ဆောင်ရွက်ပေးရမည်။

(ဃ) ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုနှင့် ပြည်နယ်အကြားသော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားသော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ကူညီဖြေရှင်းပေးရန် တာဝန်ရှိသည်။

၁၈၈။ ပြည်နယ်ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(က) သက်ဆိုင်ရာပြည်နယ်၏ ဘဏ္ဍာရေးဆိုင်ရာ အစီအမံများကို ချမှတ်နိုင်ရန်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ပြည်နယ်တွင်းရှိ ဒေသန္တရအစိုးရများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ကူညီထောက်ပံ့ပေးနိုင်ရန်အတွက်လည်းကောင်း သက်ဆိုင်ရာ ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်နယ်ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ပြည်နယ်ဘဏ္ဍာရေးကော်မရှင်သည် ပြည်နယ်၏ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် ပြည်နယ် အကြီးအကဲအား အကြံပြုပေးရမည်။

(ဂ) ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေလျာထားချက်ငွေစာရင်းများနှင့် ဒေသန္တရအစိုးရများ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေလျာထားချက်ငွေစာရင်းများအား ဖယ်ဒရယ်ဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့် ပြည်နယ်ဘဏ္ဍာရေးဆိုင်ရာမူဝါဒများနှင့်အညီ စိစစ်၍ ပြည်နယ်အကြီးအကဲက ပြည်နယ်အရအသုံး ခန့်မှန်းခြေငွေစာရင်းဥပဒေကြမ်းအဖြစ် ဖယ်ဒရယ်ဘဏ္ဍာရေးကော်မရှင်နှင့် သက်ဆိုင်ရာပြည်နယ် လွှတ်တော်သို့တင်သွင်းနိုင်ရန် ထောက်ခံတင်ပြရမည်။

# အခန်း (၁၀)

## လွတ်လပ်သော အဖွဲ့အစည်းများ

၁၈၉။ ဖက်ဒရယ်ပြည်ထောင်စုတွင် အောက်ဖော်ပြပါ လွတ်လပ်သောကော်မရှင်များကို ဖွဲ့စည်း ထားရှိရမည်။ လိုအပ်သည့် အခြားသော လွတ်လပ်သည့် ကော်မရှင်များနှင့် အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်သည်။

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ခ) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်

(ဂ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်

(ဃ) သတင်းအချက်အလက်သိပိုင်ခွင့်ကော်မရှင်

(င) ဂျန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မရှင်

၁၉၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုသမ္မတသည် လွတ်လပ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ရပ်ကို ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင်တစ်ဦးစီ အမည်စာရင်းပေးပို့ ပါဝင်စေပြီး ၎င်းတို့အထဲမှ တစ်ဦးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(၁) အသက် ၅၀ နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(၂) အသက်ကန့်သတ်ချက်မှအပ ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(၃) (ကက) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး အဖြစ်ဖြစ်စေ၊ အလားတူရာထူးတာဝန် တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံးငါးနှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်

(ခခ) ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည် သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုသမ္မတက ယူဆသူ ဖြစ်ရမည်။

(၄) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်၊

(၅) ဖက်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူ ဖြစ်ရမည်၊

(၆) ပြည်ထောင်စုနှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊

(၇) နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်၊

(၈) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်၊

(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။

၁၉၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖက်ဒရယ်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊

(ခ) ဖက်ဒရယ်လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာပြည်နယ်ရွေးကောက်ပွဲကော်မရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ဖက်ဒရယ်လွှတ်တော်ဆိုင်ရာ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့်မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊

(စ) ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဆ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

(ဇ) ဥပဒေနှင့်အညီ ပြည်ထောင်စုအဆင့် နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းများ ပြုနိုင်သည်။

(ဈ) နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းများကို ဖက်ဒရယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၉၂။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုသမ္မတသည် လွတ်လပ်သော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် တစ်ရပ်ကို ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်ကို ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင်တစ်ဦးစီ အမည်စာရင်းပေးပို့ ပါဝင်စေပြီး ၎င်းတို့ထဲမှ တစ်ဦးကို အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ် တာဝန်ပေးရမည်။

(ခ) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(၁) အသက် ၄၀ နှစ် ပြည့်ပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အကျင့်ပျက်ခြစားမှုဆိုင်ရာ အမှုကိစ္စရပ်များကို စုံစမ်းစစ်ဆေးဖူးသည့် အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိသူ ဥပဒေပညာရှင်ဖြစ်ရမည်။

(၃) အကျင့်ပျက်ခြစားမှုဆိုင်ရာစွဲချက်ဖြင့် တရားရုံးတော်မှ ပြစ်ဒဏ်ချမှတ်ခြင်း မခံရဖူးသူဖြစ်ရမည်။

(၄) နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်။

(၅) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်။

(၆) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။

၁၉၃။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အကျင့်ပျက်ခြစားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ မလျော်ဩဇာ အသုံးပြု၍ ကိုယ်ကျိုးအတွက် ရယူခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများ၊ ပြည်သူပိုင်ပစ္စည်းများနှင့် ရပိုင်ခွင့်များကို နစ်နာစေခြင်း၊ အလွဲသုံးစားပြုခြင်း၊ ဆုံးရှုံးပျက်စီး စေခြင်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ဖော်ထုတ်ခြင်းနှင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်းပြုရမည်။

(ခ) ကော်မရှင်သည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပေါ် ပြန်လည်သုံးသပ်စိစစ်၍ ပြင်ဆင်နိုင်မည့် ဥပဒေကြမ်းကို ဖက်ဒရယ်လွှတ်တော်သို့ တင်သွင်းရမည်။

(ဂ) ကော်မရှင်သည် မည်သည့်ဝန်ကြီးဌာန သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းကိုမဆို လိုအပ်ပါက ရှောင်တခင် စစ်ဆေးရမည်။

(ဃ) ကော်မရှင်သည် ပြည်နယ်အများအပြားတွင် လည်ပတ်နေသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကြီးများကို လိုအပ်ပါက ရှောင်တခင်စစ်ဆေးရမည်။

(င) ကော်မရှင်သည် တိုင်ကြားချက်များရှိလာပါက လိုအပ်သလို စုံစမ်းစစ်ဆေးရမည်။

(စ) ကော်မရှင်သည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာဥပဒေများ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာအကဲဖြတ်ရန်နှင့် လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများအတွက် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တာဝန်ပေးအပ်နိုင်သည်။

(ဆ) လိုအပ်ပါက အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၉၄။ ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုသမ္မတသည် လွတ်လပ်သော ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် တစ်ရပ်ကို ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင်တစ်ဦးစီ အမည်စာရင်းပေးပို့ပါဝင်စေပြီး ၎င်းတို့ထဲမှတစ်ဦးကို ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) အောက်ပါအရည်အချင်းများနှင့် ပြည့်စုံ၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများအထူးပြုလေ့လာသည့် အတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူ ဥပဒေပညာရှင် သုံးဦးကို ကော်မရှင်အတွင်း ထည့်သွင်းဖွဲ့စည်းရမည်။

(ဂ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(၁) အသက် ၄၀ နှစ်ပြည့်ပြီးသူ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) စုံလင်ကွဲပြားသော လူမှုအသိုင်းအဝိုင်းများအကြား ခွဲခြားဆက်ဆံမှုများကို ကိုယ်တိုင်ပြုလုပ်ခဲ့ခြင်း၊ သို့မဟုတ် ထိုသို့ ပြုလုပ်ခြင်းများကို မည်သည့်နည်းနှင့်မျှ အားပေးထောက်ခံခြင်း၊ ကာကွယ်ပြောဆိုခြင်း မရှိဖူးသူ ဖြစ်ရမည်။

(၃) လူ့အခွင့်အရေးကို လေးစားလိုက်နာ စောင့်ထိန်းတတ်သူဖြစ်ရမည်။ လူ့အခွင့်အရေးချိုးဖေါက်မှုများကို မည်သည့်နည်းနှင့်မျှ အားပေးထောက်ခံခြင်း၊ ကာကွယ်ပြောဆိုခြင်း မရှိဖူးသူ ဖြစ်ရမည်။

(၄) နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်၊

(၅) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်၊

(၆) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။

၁၉၅။ ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကော်မရှင်သည် မည်သည့်နည်းနှင့်မဆို ခွဲခြားဆက်ဆံမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ ကိစ္စရပ်များမဖြစ်ပေါ်စေရန် လိုအပ်သည့် ဥပဒေကြမ်းများပြုစု၍ ဖက်ဒရယ်လွှတ်တော်သို့ တင်သွင်းရမည်။

(ခ) ကော်မရှင်သည် တိုင်ကြားချက်များရှိလာပါက လိုအပ်သလို စုံစမ်းစစ်ဆေးရမည်။

(ဂ) ကော်မရှင်သည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာဥပဒေများ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ အကဲဖြတ်ရန်အတွက် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) လိုအပ်ပါက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၉၆။ သတင်းအချက်အလက်သိပိုင်ခွင့်ကော်မရှင် ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုသမ္မတသည် လွတ်လပ်သော သတင်းအချက်အလက်သိပိုင်ခွင့်ကော်မရှင် တစ်ရပ်ကို ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည်။ ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင်တစ်ဦးစီ အမည်စာရင်း ပေးပို့ပါဝင်စေပြီး ၎င်းတို့အထဲမှတစ်ဦးကို သတင်းအချက်အလက်သိပိုင်ခွင့်ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) သတင်းအချက်အလက်သိပိုင်ခွင့်ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(၁) အသက် ၃၀ နှစ် ပြည့်ပြီးသူ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) သတင်းအချက်အလက်နည်းပညာ သို့မဟုတ် စာနယ်ဇင်းပညာရပ်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် အနည်းဆုံး အတွေ့အကြုံ ငါးနှစ် ရှိဖူးသူဖြစ်ရမည်။

(၃) သတင်းအချက်အလက်သိပိုင်ခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်တို့နှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတ ကြွယ်ဝသူဖြစ်ရမည်။

(၄) ပြည်သူလူထု၏ သတင်းအချက်အလက်သိပိုင်ခွင့်အတွက် အားထုတ် ကြိုးပမ်းခဲ့ဖူးသူ ဖြစ်ရမည်။

(၅) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

(၆) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(၇) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်။

၁၉၇။ သတင်းအချက်အလက်သိပိုင်ခွင့်ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

သတင်းအချက်အလက် သိပိုင်ခွင့်ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကော်မရှင်သည် နိုင်ငံတော်လျှို့ဝှက်ချက်များမှအပ အခြားသတင်းအချက်အလက်များကို ပြည်သူလူထု အလွယ်တကူ သိရှိနိုင်စေရန် လိုအပ်သည့် ဥပဒေကြမ်းများကိုပြုစု၍ ဖက်ဒရယ်လွှတ်တော်သို့ တင်သွင်းရမည်။

(ခ) ကော်မရှင်သည် အစိုးရ၏ သတင်းထုတ်ပြန်ချက်များ ပွင့်လင်းမြင်သာစွာနှင့် အချိန်နှင့်တပြေးညီ ပြည်သူလူထုထံ ရောက်ရှိစေနိုင်မည့် လိုအပ်သောအစီအမံများကို ဆောင်ရွက်ပေးရမည်။

(ဂ) သတင်းမီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ပေးရန်လိုအပ်သည့် ဥပဒေကြမ်းများပြုစု၍ ဖက်ဒရယ်လွှတ်တော်သို့ တင်သွင်းရမည်။

(ဃ) ကော်မရှင်သည် တိုင်ကြားချက်များ ရှိလာပါက လိုအပ်သလို စုံစမ်းစစ်ဆေးရမည်။

(င) ကော်မရှင်သည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာဥပဒေများ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ အကဲဖြတ်ရန်နှင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများအတွက် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တာဝန်ပေးအပ်နိုင်သည်။

(စ) လိုအပ်ပါက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၉၈။ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မရှင် ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုသမ္မတသည် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မရှင်တစ်ရပ်ကို ဖက်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ စုံလင်စွာပါဝင်စေလျက် ၎င်းတို့ထဲမှ တစ်ဦးကို ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်-

(၁) အသက် ၃၀ နှစ် ပြည့်ပြီးသူ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဂျန်ဒါတန်းတူညီမျှမှုအခွင့်အရေးနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု ဆန့်ကျင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသည့် အတွေ့ အကြုံ အနည်းဆုံး သုံးနှစ် ရှိဖူးသူဖြစ်ရမည်။

(၃) စုံလင်ကွဲပြားသည့် ဂျဲန်ဒါအသိုင်းအဝိုင်းများအကြား ခွဲခြားဆက်ဆံသည့် အပြုအမူ၊ အပြောအဆိုကင်းရှင်းသူ ဖြစ်ရမည်။

(၄) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

(၅) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(၆) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။

၁၉၉။ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ကော်မရှင်သည် ဂျဲန်ဒါတန်းတူညီမျှမှုအခွင့်အရေးများနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာ လိုအပ်သည့် ဥပဒေကြမ်းများပြုစု၍ လွှတ်တော်သို့ တင်သွင်းရမည်။

(ခ) ကော်မရှင်သည် ဂျဲန်ဒါဆိုင်ရာ အသိပညာပေးအစီအစဉ်များကို အများပြည်သူအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) စုံလင်ကွဲပြားသည့် ဂျဲန်ဒါအသိုင်းအဝိုင်းဖွံ့ဖြိုးစည်ပင်လာစေရန် နိုင်ငံတော်အစီအစဉ်များ ချမှတ်ရာတွင် ကော်မရှင်က ဦးဆောင်ရမည်။

(ဃ) ကော်မရှင်သည် တိုင်ကြားချက်များရှိလာပါက လိုအပ်သလို စုံစမ်းစစ်ဆေးရမည်။

(င) ကော်မရှင်သည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာဥပဒေများ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ အကဲဖြတ်ရန်နှင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများအတွက် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တာဝန်ပေးအပ်နိုင်သည်။

(စ) လိုအပ်ပါက အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၂၀၀။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်း

(က) ပြည်ထောင်စုသမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-

(၁) ပြည်ထောင်စု၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

(ခ) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၀၁။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း

(က) ကော်မရှင်တစ်ရပ်ရပ်၏ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးတာဝန် ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း ပြည်ထောင်စု သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်၊

(ခ) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် နေရာလစ်လပ်လျှင် ပြည်ထောင်စုသမ္မတသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန် ပေးနိုင်သည်။ လစ်လပ်သောတာဝန်ကို ထမ်းဆောင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်မှ အမည်စာရင်းပေးပို့လာသည့် ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ် ပြန်လည် ခန့်အပ်

တာဝန်ပေးရမည်။ လစ်လပ်နေရာသည် ကော်မရှင်ဥက္ကဋ္ဌနေရာဖြစ်ပါက ပြည်ထောင်စုသမ္မတသည် အဖွဲ့ဝင်များထဲမှ သင့်လျော်သူတစ်ဦးကို ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဂ) ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ပြည်သူ့ဝန်ထမ်းဖြစ်လျှင် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂၀၂။ ကော်မရှင် အသီးသီးသည် ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုရလဒ်များအရ လိုအပ်ပါက သက်ဆိုင်ရာ တရားရုံးများတွင် ကော်မရှင်အနေဖြင့် တရားစွဲဆိုနိုင်ခွင့်ရှိသည်။

၂၀၃။ ကော်မရှင်အသီးသီးသည် မိမိတို့၏ ရသုံးမှန်းခြေငွေစာရင်းအား ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်ထံ သီးခြားစီတင်သွင်းပြီး ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှတဆင့် ဖက်ဒရယ်လွှတ်တော်၏ ခွင့်ပြုချက်နှင့်အညီ သုံးစွဲဆောင်ရွက်ရမည်။

၂၀၄။ ကော်မရှင်အသီးသီး၏ ဥက္ကဋ္ဌများသည် ပြည်ထောင်စုဝန်ကြီးနှင့် တန်းတူ လစာ၊ ရိက္ခာနှင့် အဆောင်အယောင်များ ခံစားခွင့်ရှိသည်။

၂၀၅။ ကော်မရှင်အသီးသီး၏ အဖွဲ့ဝင်သည် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် တန်းတူ လစာ၊ ရိက္ခာနှင့် အဆောင်အယောင်များ ခံစားခွင့်ရှိသည်။

၂၀၆။ ကော်မရှင်အသီးသီး၏ သက်တမ်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေကို ဖက်ဒရယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းပေးရမည်။

# အခန်း (၁၁)
# စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း

စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း

၂၀၇။ ပြည်ထောင်စုအဆင့်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော အခွင့်အာဏာအရ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်သူ့ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ရေး စသည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စု ပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်ကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုပြည်သူ့ဝန်ထမ်း ရေးရာကော်မရှင် ဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ရာထူးမှ နုတ်ထွက်ခြင်းနှင့် တာဝန်မှ ရပ်စဲခြင်းဆိုင်ရာဥပဒေကို ဖက်ဒရယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းရမည်။

၂၀၈။ ပြည်နယ်များတွင် ပြည်နယ်အဆင့်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော အခွင့်အာဏာအရ ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်နယ်ပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်ကို ဖွဲ့စည်းရမည်။ ပြည်နယ်ပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ရာထူးမှနုတ်ထွက်ခြင်း နှင့် တာဝန်မှရပ်စဲခြင်းဆိုင်ရာဥပဒေကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းရမည်။

၂၀၉။ ဒေသန္တရများတွင် သက်ဆိုင်ရာပြည်နယ်ပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်နှင့် ညှိနှိုင်း၍ ဒေသန္တရပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်ကို ဖွဲ့စည်းနိုင်သည်။ ဒေသန္တရပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ လုပ်ငန်း တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ရာထူးမှနုတ်ထွက်ခြင်းနှင့် တာဝန်မှ ရပ်စဲခြင်းဆိုင်ရာဥပဒေကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းရမည်။

၂၁၀။ တပ်မတော်၏ လုပ်ငန်းတာဝန်ဆိုင်ရာကိစ္စရပ်များအတွက် သီးခြားဥပဒေကို ဖက်ဒရယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းရမည်။

၂၁၁။ ပြည်ထောင်စုရဲတပ်ဖွဲ့၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ဆိုင်ရာကိစ္စရပ်များအတွက် သီးခြားဥပဒေကို ဖက်ဒရယ်လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းရမည်။

၂၁၂။ တပ်မတော်သားများနှင့် ပြည်ထောင်စုရဲတပ်ဖွဲ့ဝင်များအား ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် တာဝန်မှရပ်ဆိုင်းခြင်းဆိုင်ရာ အခြေခံရမည့်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အရေးယူအပြစ်ပေးခြင်းဆိုင်ရာစံနှုန်းများ သတ်မှတ်သည့်အခါ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၁၃။ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဖွဲ့စည်းခြင်း

(က) ပြည်ထောင်စုသမ္မတသည် ပြည်သူ့ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ရေး ကိစ္စရပ်များဆောင်ရွက်နိုင်ရန် ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာ ကော်မရှင်ကို ဖယ်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ရယူပြီး ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၎င်းဦး ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်-

(၁) အသက် ၅၀ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(၂) အသက်ကန့်သတ်ချက်မှအပ ဖယ်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(၃) ဖယ်ဒရယ်အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရသောပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။

(၄) အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် ထင်ရှားကျော်ကြားပြီး သုတေသနပြုခြင်း၊ သင်ကြားခြင်း သို့မဟုတ် အခြားသော အရေးပါသည့်အလုပ်များတွင် အတွေ့အကြုံ ရင့်ကျက်သူဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများပေါ်သစ္စာရှိသူ ဖြစ်ရမည်။

(၅) နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်။

(၆) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်။

(၇) လစာ၊ စရိတ်၊ ငွေကြေးရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံရေးပါတီဝင်ဖြစ်ပါက ပါတီဝင်အဖြစ်မှလည်းကောင်း ရပ်ဆိုင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များသည် အောက်ပါ အခြေအနေများတွင် ရာထူးတာဝန်မှ လစ်လပ်သည်ဟု မှတ်ယူရမည်-

(၁) နိုင်ငံတော်သမ္မတထံ စာဖြင့်နှုတ်ထွက်စာတင်ခြင်း၊

(၂) အသက် ၆၅ နှစ် ပြည့်ခြင်း၊

(၃) ပြည်ထောင်စုလွှတ်တော်တစ်ရပ်ရပ်၏ စွပ်စွဲပြစ်တင်ခံရပြီး ရာထူးတာဝန်မှ ရပ်ဆိုင်းရန် ဆုံးဖြတ်ချက် ချမှတ်ခံရခြင်း၊

(၄) ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာမကျန်းမှုကြောင့် ရာထူးတာဝန်ကို ထာဝစဉ် မထမ်းဆောင်နိုင်တော့၍ ဖယ်ဒရယ်အထက်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု သမ္မတက ရာထူးတာဝန်မှရပ်စဲခြင်း၊

(၅) ကွယ်လွန်ခြင်း။

၂၁၄။ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ခံစားခွင့်များ

ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ခံစားခွင့်များမှာ-

(က) ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်းအဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ဝန်ထမ်းများရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်း၊ နေရာချထားခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုအစိုးရ၏ ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအမှူးများ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် ရာထူးတာဝန်မှရပ်ဆိုင်းခြင်းတို့အတွက် ပြည်ထောင်စုဝန်ကြီးချုပ်အား အကြံပြုခြင်း၊ သဘောထားပေးခြင်း၊ ထောက်ခံတင်ပြခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံကို စိစစ်ခြင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများ သတ်မှတ်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မူဝါဒလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အား အထောက်အကူပြုခြင်း၊

(င) ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊

(စ) ဖယ်ဒရယ်တပ်မတော်၊ ဖယ်ဒရယ်ရဲတပ်ဖွဲ့များ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အကြံပြုခြင်း၊ သဘောထားပေးခြင်း၊

(ဆ) ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများက မိမိတို့တာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ရန် တင်ပြလာပါက ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်က ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးချုပ်ကို တာဝန်ခံရမည်။ ကော်မရှင်အဖွဲ့ဝင်များသည် ဥက္ကဋ္ဌမှတဆင့် ပြည်ထောင်စုဝန်ကြီးချုပ်ကို တာဝန်ခံရမည်။

(ဈ) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးနှင့် တန်းတူ လစာ၊ ရိက္ခာနှင့် အဆောင်အယောင်များ ခံစားခွင့်ရှိသည်။

(ည) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် အဖွဲ့ဝင်များသည် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် တန်းတူ လစာ၊ ရိက္ခာ နှင့် အဆောင်အယောင်များ ခံစားခွင့်ရှိသည်။

(ဋ) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်သည် မိမိတို့၏ ရသုံးခန့်မှန်းခြေငွေစာရင်းအား ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်ထံ တင်သွင်းပြီး ပြည်ထောင်စုဘဏ္ဍာရေး ကော်မရှင်မှတဆင့် ဖယ်ဒရယ်လွှတ်တော်၏ ခွင့်ပြုချက်နှင့်အညီ သုံးစွဲဆောင်ရွက်ရမည်။

၂၁၅။ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ခန့်အပ်သည့်နေ့မှစ၍ ၁၀ နှစ် ဖြစ်သည်။

၂၁၆။ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်း

(က) ပြည်ထောင်စုသမ္မတ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးချုပ် သို့မဟုတ် ဖယ်ဒရယ်အထက်လွှတ်တော် သို့မဟုတ် ဖယ်ဒရယ်အောက်လွှတ်တော်သည် ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွတ်စွဲပြစ်တင်နိုင်သည်-

(၁) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

(၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူး လွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် သတ်မှတ်ထားသည့် အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ဥပဒေအရပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

(ခ) ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း ပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၁၇။ ပြည်ထောင်စုဝန်ထမ်း ခန့်ထားခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုအဆင့်ဌာနဆိုင်ရာဝန်ထမ်း အကြီးအမှူး (ညွှန်ကြားရေးမှူး ချုပ်) များကို ဥပဒေနှင့်အညီ ရွေးချယ်ခန့်အပ်ခြင်း၊ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ တာဝန်မှ ရပ်ဆိုင်းခြင်း တို့ကို ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်နှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာဌာနအကြီးအမှူးသည် ပုဒ်မခွဲ (က) ပါ ကိစ္စရပ်များမှအပ အခြားအဆင့် အရာထမ်း အမှုထမ်း များရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်း၊ ခန့်အပ်နေရာချထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့တာဝန် ပေးအပ်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်းတို့ကို ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၂၁၈။ ပြည်ထောင်စုအစိုးရသည် ဥပဒေနှင့်အညီ ပြည်ထောင်စုဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်း နိုင်သည်။

၂၁၉။ ပြည်နယ်အစိုးရများသည် ဥပဒေနှင့်အညီ ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်း နိုင်သည်။

၂၂၀။ ဒေသန္တရအစိုးရများသည် ဥပဒေနှင့်အညီ ဒေသန္တရဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၂၂၁။ ယာယီ သို့မဟုတ် အချိန်ပိုင်းဝန်ထမ်း ခန့်ထားခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်က ရေးဆွဲပြဋ္ဌာန်းထားရမည်။

၂၂၂။ ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများသည် မိမိတို့၏ ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် ဝန်ထမ်း များရွေးချယ်ခန့်အပ်ခြင်း၊ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်း ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၂၃။ ပြည်သူ့ဝန်ထမ်းများအားလုံး၏ အနိမ့်ဆုံးအကျိုးခံစားခွင့်ဆိုင်ရာစံနှုန်း (Minimum Standard) များကို ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရေးရာကော်မရှင်က သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၂၂၄။ ပြည်သူ့ဝန်ထမ်းများအားလုံးသည် ဥပဒေနှင့်အညီ အလုပ်တည်မြဲခွင့်၊ လုပ်ငန်းခွင်အာမခံချက်နှင့် ဘဝအာမခံ ချက်များ ရှိရမည်။

၂၂၅။ ဥပဒေနှင့်အညီမှတပါး ပြည်သူ့ ဝန်ထမ်းများ၏ ရာထူး၊ တာဝန်၊ လုပ်သက်နှင့် ခံစားခွင့်များကို ထိပါးခြင်း မရှိရန် အာမခံသည်။

# အခန်း (၁၂)

# အစိုးရအချင်းချင်းအကြား ဆက်ဆံရေး

၂၂၆။ ပြည်ထောင်စုအတွင်းရှိ အစိုးရအချင်းချင်းအကြား လုပ်ငန်းဆောင်တာများကို အင်စတီကျူးရှင်းများဖြင့် အပြန်အလှန်အကျိုးပြုကာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အောက်ဖော်ပြပါ ဦးတည်ချက်တို့ဖြင့် ဆောင်ရွက်ရမည်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများအရ ပြည်နယ်အစိုးရများ၊ ၎င်းတို့၏ မူဝါဒများ၊ စီမံအုပ်ချုပ်မှု အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား အာမခံကာကွယ်ရန်။

(ခ) အစိုးရအချင်းချင်းအကြားဆက်ဆံရေးဆိုင်ရာ အင်စတီကျူးရှင်းများနှင့် ယန္တရားများ တည်ဆောက်ခြင်းတို့ တရားဝင်ဖြစ်စေရေး ဆောင်ရွက်ရန်။

(ဂ) ရှင်းလင်းတိကျသော အခြေခံမူများအား တရားဝင်ထုတ်ဖော်ကြေညာပြီး မူဝါဒများ ချမှတ်ခြင်းနှင့် လိုက်နာရမည့် အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာများ ရေးဆွဲရာတွင် နည်းပေးလမ်းညွှန်မှုပြုနိုင်ရန်။

၂၂၇။ အစိုးရအချင်းချင်းအကြားဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအား ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(က) အစိုးရများ အပြန်အလှန် ကောင်းကျိုးပြုနိုင်ရေးအတွက် အစိုးရအချင်းချင်းအကြားဆက်ဆံရေးဆိုင်ရာ အင်စတီကျူးရှင်းများ၊ ယန္တရားများနှင့်လုပ်ငန်းစဉ်များ တည်ဆောက်ဖော်ဆောင်ရန်။

(ခ) အဆင့်အဆင့်သော အစိုးရများသည် အချင်းချင်း (အနည်းဆုံး ရုံဖန်ရံခါဖြစ်စေ) အပေးအယူဆက်ဆံမှု ရှိစေရန်နှင့် လုပ်ငန်းပုံတူကူးခြင်း၊ လုပ်ငန်းထပ်ခြင်း၊ ရှုပ်ထွေးခက်ခဲခြင်း၊ နိုင်ငံရေးအမြတ်ထုတ်ခြင်း၊ အကျပ်ကိုင်ခြင်း၊ လှည့်ကွက်ကစားခံရခြင်း စသည်တို့အား ဖြေရှင်းနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန်။

(ဂ) ပြည်ထောင်စုနှင့်ပြည်နယ်အစိုးရများအကြားသော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားသော်လည်းကောင်း၊ ဒေသန္တရအစိုးရအချင်းချင်းအကြားသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူခြင်းတို့တွင် အပြန်အလှန်အထောက်အကူပြုရန်။

(င) ပြည်ထောင်စုနှင့်ပြည်နယ်အစိုးရအကြား၊ ပြည်နယ်အစိုးရအချင်းချင်းအကြားနှင့် ဒေသန္တရအစိုးရ အချင်းချင်းအကြားဆက်ဆံရေးကို ထိခိုက်လာစေနိုင်သည့် ဆိုးကျိုးများကို စုပေါင်းခြုံငုံစဉ်းစားသုံးသပ်ကာ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် မူဘောင်များကို ဝိုင်းဝန်းဆွေးနွေးပြဋ္ဌာန်းရန်။

(စ) အစိုးရအချင်းချင်းအကြားဖြစ်ပေါ်လာသည့် အငြင်းပွားမှုအား ဖြေရှင်းပေးနိုင်သည့် ယန္တရားများ ကြိုတင်စီစဉ် တည်ဆောက်နိုင်ရန်။

၂၂၈။ အစိုးရအချင်းချင်းအကြားဆက်ဆံရေးဆိုင်ရာ ယန္တရားများတည်ဆောက်ရာတွင် အောက်ဖော်ပြပါအခြေခံမူများအား ကိုင်စွဲရမည်။

(က) ပြည်သူတို့၏ အချုပ်အခြာအာဏာကို အသိအမှတ်ပြုလက်ခံခြင်း၊

(ခ) လွှမ်းခြုံပါဝင်သော အုပ်ချုပ်မှု၊

(ဂ) အလွှာအဆင့်ဆင့်သောအစိုးရတို့၏ အင်စတီကျူးရှင်းနှင့် လုပ်ငန်းဆောင်တာဆိုင်ရာ တည်တံ့ခိုင်မြဲမှုကို ယုံကြည်လေးစားမှုရှိခြင်း၊

(ဃ) နိုင်ငံ၏ စံတန်ဖိုးနှင့် အခြေခံမူများအား အားပေးမြှင့်တင်ခြင်း၊

(င) အစိုးရအလွှာအသီးသီးနှင့် အဆင့်ဆင့်သော အဖွဲ့အစည်းအင်စတီကျူးရှင်းများ၏ ဖြစ်တည်မှုအား လေးစား ယုံကြည်မှုရှိခြင်း၊

(စ) ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် တန်းတူရေးနှင့် သာတူညီမျှရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် သမာသမတ်ကျခြင်း၊

(ဇ) အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းပြုလုပ်ရန်လိုအပ်ခြင်း၊

(ဈ) လုပ်ငန်းဆောင်တာများ ပူးပေါင်းကျင့်သုံးလုပ်ဆောင်ရာတွင် အစိုးရအချင်းချင်းအကြား အငြင်းပွားမှု အနည်းဆုံးဖြစ်ရေး ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(ည) ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများ လုပ်ဆောင်ရာတွင် ပြည်သူအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုကို အားပေးမြှင့်တင်ခြင်း၊

(ဋ) ဖယ်ထုတ်ခံထားရသည့်အစုအဖွဲ့အား ကာကွယ်ခြင်းနှင့်ပတ်သက်၍ ဥပဒေပြုသတ်မှတ်ပြဋ္ဌာန်းခြင်း၊

၂၂၉။ အစိုးရအချင်းချင်းအကြားဆက်ဆံရေး၏ လုပ်ငန်းဆောင်တာများ

အစိုးရအချင်းချင်းအကြားဆက်ဆံရေး၏ လုပ်ငန်းဆောင်တာများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအား လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြားရှိ ပဋိပက္ခများအား ဖြေရှင်းရန်။

(ဂ) ပြောင်းလဲလာသောအခြေအနေများနှင့်အညီ အုပ်ချုပ်မှုနှင့်မူဝါဒဆိုင်ရာ အစီအမံတို့ လိုက်လျောညီထွေမှု ရှိစေရေး ပြင်ဆင်ချိန်ညှိရန်။

(ဃ) အစိုးရအချင်းချင်းအကြား ပြိုင်ဆိုင်မှုများ၊ မူဝါဒထပ်နေမှုများနှင့် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များအား ထိန်းညှိကာ သက်ဝင်လည်ပတ်စေရန်။

(စ) ထပ်တူပြုစီရင်ပိုင်ခွင့်ကို အကျိုးရှိရှိ အသုံးချရန်။

(ဆ) အစိုးရအချင်းချင်းအကြား ဥပဒေပြုရေးဆိုင်ရာအာဏာများနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ဝတ္တရား များအား ကိုယ်စားပြု လုပ်ပိုင်ခွင့် ခွဲဝေခြင်း၊

(ဇ) လုပ်ငန်းအစီအစဉ်များအား ပါဝင်လုပ်ဆောင်ခြင်းပြု၊ မပြု ရွေးချယ်ဆုံးဖြတ်ခြင်း၊

(ဈ) အစိုးရအချင်းချင်းအကြား သဘောတူညီချက်များ၊ ကတိကဝတ်စာချုပ်များ၊

(ည) အစိုးရအချင်းချင်းအကြား ဘဏ္ဍာရေးဆိုင်ရာ စီမံခွန့်ခွဲမှု၊

၂၃၀။ အစိုးရအချင်းချင်းအကြား ဆက်ဆံရေးအမျိုးမျိုး

အောက်ဖော်ပြပါ အစိုးရအချင်းချင်းအကြား ဆက်ဆံရေးအမျိုးမျိုးကို ပြုလုပ်နိုင်သည်။

(က) ပြည်ထောင်စုနှင့် ပြည်နယ် ဆက်ဆံရေး၊

(ခ) ပြည်နယ်အချင်းချင်း ဆက်ဆံရေး၊

(င) ပြည်နယ်နှင့် ဒေသန္တရ ဆက်ဆံရေး၊

(ဃ) ဒေသန္တရအချင်းချင်း ဆက်ဆံရေး၊

၂၃၁။ အစိုးရအချင်းချင်းအကြားဆက်ဆံရေး ယန္တရားများနှင့် လုပ်ငန်းစဉ်များ

အစိုးရအချင်းချင်းအကြားဆက်ဆံရေး ယန္တရားများနှင့် လုပ်ငန်းစဉ်များကို အောက်ဖော်ပြပါ ကဏ္ဍများတွင် ဖော်ဆောင် နိုင်သည်။

(က) ဥပဒေပြုရေးဆိုင်ရာ

(ခ) အုပ်ချုပ်ရေးဆိုင်ရာ

(ဂ) အစိုးရအချင်းချင်းအကြား သဘောတူညီမှုများ

(ဃ) လွတ်လပ်သော အေဂျင်စီများနှင့် ပူးတွဲအေဂျင်စီများ

(င) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ

(စ) နိုင်ငံရေးပါတီများ

# အခန်း (၁၃)

# အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

၂၃၂။ အရေးပေါ်အခြေအနေ

အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် ပြည်ထောင်စု၏ အရေးပေါ်အခြေအနေကို ကြေညာပိုင်ခွင့် ရှိသည်။

(က) ပြည်ထောင်စုနယ်နိမိတ်ကို ပြည်ပလက်နက်ကိုင်တပ်များက တိုက်ခိုက်ခြင်း သို့တည်းမဟုတ် တိုက်ခိုက်မည်ဟု ခိုင်လုံသော အကြောင်းပြချက်ရှိခြင်း။

(ခ) ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားပြီး အများပြည်သူ၏လုံခြုံမှုနှင့် အေးချမ်းသာယာမှုကို သိသာထင်ရှားစွာ ခြိမ်းခြောက်၊ ထိပါး၊ ပျက်ပြားသည့် အခြေအနေ ပေါ်ပေါက်ခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ သေဆုံးမှုများ ဖြစ်ပေါ်ခြင်း သို့တည်းမဟုတ် ဖြစ်ပေါ်လာရန် ခိုင်လုံသောအကြောင်းပြချက် ရှိခြင်း။

(ဃ) ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ တစ်ခုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း။

အရေးပေါ်အခြေအနေကြေညာခြင်း

၂၃၃။ ပြည်ထောင်စုအစိုးရမှ အထက်ဖော်ပြပါ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (က) (ခ) နှင့် (ဂ) တို့အတွက် အရေးပေါ်အခြေ အနေ ကြေညာပေးရန် တောင်းဆိုလာလျှင် ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီနှင့်ညှိနှိုင်းပြီး ပြည်ထောင်စု တစ်ဝန်းလုံးအတွက်ဖြစ်စေ၊ ဒေသတစ်ခုအတွက်ဖြစ်စေ အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာပေးရမည်။

၂၃၄။ အထက်ဖော်ပြပါ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဃ) အတွက် အရေးပေါ်အခြေအနေ ကြေညာပေးရန် သက်ဆိုင်ရာ ပြည်နယ်အစိုးရ သို့မဟုတ် ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့တို့က တောင်းဆိုလာလျှင် ပြည်ထောင်စု သမ္မတသည် ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး အဆိုပါပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွက် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာပေးရမည်။

၂၃၅။ အရေးပေါ်အခြေအနေကြေညာခြင်းသည် ပုဒ်မ (၂၃၂) ပုဒ်ခွဲ (က) နှင့် (ခ) ပါ ကိစ္စရပ်များအတွက် ဖြစ်ပါက ပြည်ထောင်စုဝန်ကြီးချုပ်သည် အနီးကပ်ဆုံး ဖက်ဒရယ်အောက်လွှတ်တော်ပုံမှန်အစည်းအဝေး သို့တည်းမဟုတ် ဖက်ဒရယ်အောက်လွှတ်တော် အရေးပေါ်အစည်းအဝေးကိုခေါ်ယူ၍ တင်ပြအတည်ပြုချက် ရယူရမည်။ ဖက်ဒရယ် အောက်လွှတ်တော်က အရေးပေါ်အခြေအနေ ကြေညာခြင်းကို အတည်မပြုပါက အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ပျက်ပြယ်စေရမည်။

၂၃၆။ ဖက်ဒရယ်အောက်လွှတ်တော် ဖျက်သိမ်းထားသောကာလအတွင်း အရေးပေါ်အခြေအနေ ကြေညာခြင်း ဖြစ်ပါက ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုသမ္မတထံသို့ တင်ပြ၍ အနီးကပ်ဆုံး ဖက်ဒရယ် အထက်လွှတ်တော်အစည်းအဝေး သို့တည်းမဟုတ် ဖက်ဒရယ်အထက်လွှတ်တော်အရေးပေါ်အစည်းဝေးကို ခေါ်ယူ၍ အတည်ပြုချက် ရယူရမည်။ ဖက်ဒရယ်အထက် လွှတ်တော်က အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်မပြုပါက အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ပျက်ပြယ်စေရမည်။

၂၃၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု သို့မဟုတ် မြို့နယ်များတွင် အရေးပေါ်အခြေအနေပေါ်ပါက သက်ဆိုင်ရာပြည်နယ်အကြီးအကဲ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ကြေညာရမည်။ ထိုသို့ ကြေညာရာတွင် သက်ဆိုင်ရာပြည်နယ်လွှတ်တော်၏ အနီးကပ်ဆုံးပုံမှန်အစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူ၍ အတည်ပြုချက် ရယူရမည်။ သက်ဆိုင်ရာပြည်နယ်လွှတ်တော်က အတည်မပြုလျှင် အရေးပေါ်အခြေအနေကြေညာခြင်း ပျက်ပြယ်သည်ဟု မှတ်ယူရမည်။ လိုအပ်ပါက ပြည်ထောင်စုသမ္မတထံ တင်ပြ၍ အကူအညီရယူနိုင်သည်။

၂၃၈။ ပြည်ထောင်စုသမ္မတသည် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာသည့်အခါ -

(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့်နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်၊

(ခ) အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့်နယ်မြေဒေသအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ကန့်သတ်ချုပ်ချယ်ခြင်း မရှိစေရ။

၂၃၉။ လုပ်ပိုင်ခွင့်နှင့်တာဝန်

(က) ပုဒ်မ ၂၃၂ ပုဒ်မခွဲ (က) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေ အောက်တွင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် -

(၁) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ဖက်ဒရယ် ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတပ်ဖွဲ့ကိုမဆို ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့၊ သက်ဆိုင်ရာပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းပြီး ဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန်ပေးအပ်ခွင့်၊ ရုပ်သိမ်းခွင့် ရှိစေရမည်။

(ခ) ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ခ) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေ အောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ပြည်နယ်လုံခြုံရေးတပ်များကို စုစည်းအသုံးချခြင်း၊ ပြည်နယ်အစိုးရများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုပိုင်ခွင့်ရှိစေရမည်။

(ဂ) ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဂ) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် -

(၁) ပြည်နယ်လုံခြုံရေးတပ်များကို စုစည်းအသုံးချခြင်း၊ ပြည်နယ်အစိုးရများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုပိုင်ခွင့်ရှိစေရမည်။

(၂) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များနှင့် လုံလောက်ခြင်းမရှိမှသာလျှင် ဖက်ဒရယ်တပ်မတော်ကို အကန့်အသတ်ဖြင့် အသုံးပြုစေရမည်။

(ဃ) ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဃ) အရ အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စရပ်တွင် ပြည်ထောင်စုသမ္မတသည်

(၁) ပြည်နယ်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုဝန်ကြီးချုပ်သို့ လွှဲအပ်တာဝန်ပေးရမည်။

(၂) ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်။ သို့ရာတွင် ဥပဒေပြုခွင့်အာဏာကိုမူ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ။

(င) အရေးပေါ်အခြေအနေကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက် မှန်သမျှကို အနီးကပ်ဆုံး ကျင်းပပြုလုပ်သည့် ဖက်ဒရယ်လွှတ်တော်တစ်ရပ်ရပ်၏ အစည်းအဝေးသို့ တင်ပြအစီရင်ခံရမည်။

၂၄၀။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စိစစ်ခြင်း

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာအပ်နှင်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည်

(က) အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခြင်း၊
(ခ) အရေးပေါ်အခြေအနေ၏ သက်တမ်းကာလတိုးမြှင့်ခြင်း၊
(ဂ) အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်းကြောင့် ပြဋ္ဌာန်းထားသောဥပဒေ သို့တည်းမဟုတ် အခြားလုပ်ဆောင်မှုတစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိ မရှိကို စိစစ်ဆုံးဖြတ်နိုင်သည်။

၂၄၁။ အရေးပေါ်အခြေအနေကာလအတွင်း တရားစီရင်ရေး

မည်သို့သောအရေးပေါ်အခြေအနေအောက်တွင်မဆို တရားစီရင်ရေးအာဏာသည် တရားရုံးများတွင်သာ တည်ရှိရမည်။ တည်ဆဲဥပဒေနှင့်အညီ ခန့်အပ်ထားသော တရားသူကြီးများကသာ တရားစီရင်ရမည်။

၂၄၂။ ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများ

ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခြင်း၏ အကျိုးဆက်ကြောင့် ပြဋ္ဌာန်းသောဥပဒေ သို့တည်းမဟုတ် မည်သည့်လုပ်ဆောင်မှုကမျှ အခန်း (၂) ပုဒ်မ ၂၃ နှင့် ၂၄ ပါ အခွင့်အရေးများ အပါအဝင် နိုင်ငံသားတစ်ဦး၏ လူ့ဂုဏ်သိက္ခာနှင့် အသက်ရှင်ရပ်တည်ပိုင်ခွင့်တို့ကို မထိခိုက်စေရ။

၂၄၃။ အရေးပေါ်ကာလအတွင်း ဥပဒေပြဋ္ဌာန်းချက်

အရေးပေါ်အခြေအနေကြေညာခြင်း၏ နောက်ဆက်တွဲကြောင့် လူပုဂ္ဂိုလ်နှင့်ပတ်သက်၍ဖြစ်စေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ဖြစ်စေ၊ ပုဒ်မ ၂၃ နှင့် ၂၄ ပါ ရုပ်သိမ်းပိုင်ခွင့် မရှိသော အခြေခံအခွင့်အရေးများမှလွဲ၍ မည်သည့်အခွင့်အရေးနှင့် ကန့်သတ်ချက်များအတွက်မဆို လိုအပ်သောဥပဒေကို ဖက်ဒရယ်လွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

၂၄၄။ အရေးပေါ်အခြေအနေပြီးဆုံးခြင်း

(က) သတ်မှတ်ထားသည့် အရေးပေါ်အခြေအနေ သက်တမ်းကာလ အလိုအလျောက် ကုန်ဆုံးလျှင်ဖြစ်စေ၊ ပြည်ထောင်စုသမ္မတက ရုပ်သိမ်းလျှင်ဖြစ်စေ၊ လွှတ်တော်တရပ်ရပ်က အတည်မပြုလျှင်ဖြစ်စေ အရေးပေါ်အခြေအနေ သက်တမ်းကာလ ပြီးဆုံးစေရမည်။
(ခ) အရေးပေါ်သက်တမ်းကာလ ပြီးဆုံးကြောင်းကို တရားဝင်နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

# အခန်း (၁၄)

## အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ

၂၄၅။ တည်ဆဲဥပဒေများ

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများသည် ဖက်ဒရယ်လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည် ဖြစ်သည်။

(ခ) တည်ဆဲအမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် လက်စွဲများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၄၆။ တည်ဆဲတရားရုံးများ

အဆင့်ဆင့်သော တရားရုံးများသည် ဤပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရေးစနစ်တစ်ရပ် ဖွဲ့စည်းပေါ်ပေါက်သည်အထိ တရားစီရင်ပိုင်ခွင့် အာဏာများကို ဆက်လက်ကျင့်သုံးခွင့် ရှိစေရမည်။

၂၄၇။ ဝန်ထမ်းများ

ဤပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီက တာဝန်ထမ်းဆောင်လျက်ရှိကြသော ပြည်သူ့ ဝန်ထမ်းအားလုံးသည် မူလရာထူးတာဝန်များအတိုင်း ဆက်လက် အမှုထမ်းဆောင်ရမည်။

၂၄၈။ နိုင်ငံတကာနှင့်ချုပ်ဆိုထားသော စာချုပ်၊ စာတမ်းများ

(က) နိုင်ငံတကာဥပဒေများနှင့်အညီ သဘောတူချုပ်ဆိုထားသော နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ် စာတမ်းများမှအပ ဤပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီက မြန်မာနိုင်ငံအစိုးရ ပါဝင် ချုပ်ဆိုခဲ့သောစာချုပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရက ပြန်လည်သုံးသပ်ပြီး ဖက်ဒရယ်လွှတ်တော် သို့ တင်ပြရမည်။

(ခ) ဖက်ဒရယ်လွှတ်တော်က ထပ်မံအတည်ပြုသော စာချုပ်စာတမ်းများသာလျှင် ဆက်လက် အတည်ဖြစ်စေ ရမည်။

၂၄၉။ လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း

အသွင်ကူးပြောင်းရေးကာလအတွင်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အမြန်ဆုံး ဆောင်ရွက်နိုင်ရေးအတွက် ယာယီလူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်စေရမည်။

# အခန်း (၁၅)

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

၂၅၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်းအား တင်သွင်းခြင်း

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် တင်သွင်းသောအဆိုကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းကို ဖက်ဒရယ်အထက်လွှတ်တော်တွင် စတင် တင်သွင်းရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်း တင်သွင်းပိုင်ခွင့်

(၁) ဖက်ဒရယ်အထက်လွှတ်တော် စုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်း

(၂) ဖက်ဒရယ်အောက်လွှတ်တော် စုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်း

(၃) ပြည်နယ်လွှတ်တော် သဘောတူဆုံးဖြတ်ချက်ဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

(င) ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၊ ပြည်ထောင်စုအစိုးရ၊ ဖက်ဒရယ်လွှတ်တော်၊ ပြည်နယ်လွှတ်တော်များထံသို့ အကြောင်းကြား အသိပေးရမည်။

(စ) ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြင်ဆင်ချက်ဥပဒေမူကြမ်းကို လက်ခံရရှိပြီးနောက် ၎င်းတို့၏ သဘောထားများကို ၄၅ ရက်အတွင်း ဖက်ဒရယ်အထက်လွှတ်တော်သို့ ပေးပို့ရမည်။

၂၅၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်းနှင့် အတည်ပြု ကြေညာခြင်း

(က) ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ခြင်း မပြုနိုင်သော ပြဋ္ဌာန်းချက်များ

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ဝိသေသလက္ခဏာများနှင့် အခြေခံမူများ၊

(၂) ..

(ခ) အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်းဖြစ်ပါက ဖက်ဒရယ်အထက်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံနှင့်အထက်က ပြင်ဆင်ရန် သဘောတူ ဆုံးဖြတ်ပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး ပြည်နယ်တစ်ခုချင်းစီတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော် သဘောတူဆန္ဒမဲဖြင့်သာ ပြင်ဆင်အတည်ပြုရမည်၊

(၁) ...

(၂) ...

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်းဖြစ်ပါက ဖက်ဒရယ်လွှတ်တော် တစ်ရပ်ချင်းစီ၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့် ပြင်ဆင်အတည်ပြုရမည်။

(ဃ) အထက်ပါ ပုဒ်မခွဲ (က) (ခ) နှင့် (ဂ) တို့အရ ပြင်ဆင်အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးက ပြည်ထောင်စုသမ္မတထံသို့ ပေးပို့ရမည်။ ပြည်ထောင်စုသမ္မတက ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေအဖြစ် ပြဋ္ဌာန်းကာ တရားဝင်ထုတ်ပြန်ကြေညာပေးရမည်။

# အခန်း (၁၆)

# အထွေထွေပြဋ္ဌာန်းချက်များ

ပြည်ထောင်စုအလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်

၂၅၂။(က) ပြည်ထောင်စုအလံသည် အောက်တွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်၊

ပြည်ထောင်စုအလံ

(ခ) ပြည်ထောင်စု အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။

၂၅၃။ (က) ပြည်ထောင်စုအထိမ်းအမှတ်တံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်၊

ပြည်ထောင်စုအထိမ်းအမှတ်တံဆိပ်

(ခ) ပြည်ထောင်စု အထိမ်းအမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။

၂၅၄။ (က) ပြည်ထောင်စု သီချင်းအဖြစ် အောက်ဖော်ပြပါ လက်ရှိ နိုင်ငံတော်သီချင်းကို သတ်မှတ်သည်၊

ပြည်ထောင်စု သီချင်း
တရားမျှတ-လွတ်လပ်ခြင်းနဲ့မသွေ-
တို့ပြည်-တို့မြေ-
များးလူခပ်သိမ်း-ငြိမ်းချမ်းစေဖို့-
ခွင့်တူညီမျှ-ဝါဒဖြူစင်တဲ့ပြည်-
တို့ပြည်-တို့မြေ-
ပြည်ထောင်စုအမွေ-အမြဲတည်တံ့စေ-
အဓိဋ္ဌာန်ပြုပေ-ထိန်းသိမ်းစို့လေ။
(ကမ္ဘာမကျေ၊ မြန်မာပြည်- တို့ဘိုးဘွားအမွေစစ်မို့-ချစ်မြတ်နိုးပေ)၂
ပြည်ထောင်စုကို-အသက်ပေးလို့-တို့ကာကွယ်မလေ။
ဒါတို့ပြည်-ဒါတို့မြေ-တို့ပိုင်နက်မြေ။
တို့ပြည်-တို့မြေ-အကျိုးကို ညီညာစွာ-တို့တစ်တွေ
ထမ်းဆောင်ပါစို့လေ-တို့တာဝန်ပေ
အဖိုးတန်မြေ။

(ခ) ပြည်ထောင်စု သီချင်းနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။

၂၅၅။ (            ) သည် ပြည်ထောင်စု၏ မြို့တော်ဖြစ်သည်။

၂၅၆။ ရုံးသုံးဘာသာစကား

(က) ပြည်ထောင်စု၏ ရုံးသုံးဘာသာအဖြစ် ဗမာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားကို သတ်မှတ်သည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးတွင် ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာစကားအပြင် ယင်းပြည်နယ်အတွင်း နေထိုင်သော တိုင်းရင်းသားလူမျိုးတို့၏ ဘာသာစကားများကို ရုံးသုံးဘာသာစကားများအဖြစ် သတ်မှတ်နိုင်သည်။

၂၅၇။ ကျမ်းသစ္စာကျိန်ဆိုခြင်း

ဖက်ဒရယ်ပြည်ထောင်စု၏ -

(က) ပြည်ထောင်စုသမ္မတ၊ ပြည်ထောင်စုဒုတိယသမ္မတ

(ခ) ပြည်ထောင်စုဝန်ကြီးချုပ်

(ဂ) ပြည်ထောင်စုဝန်ကြီးများ

(ဃ) ပြည်ထောင်စုရှေ့နေချုပ်

(င) ပြည်ထောင်စုစာရင်းစစ်ချုပ်

(စ) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

(ဆ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် တရားသူကြီးများ

(ဇ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်အကြီးအကဲများ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ

သည် မိမိတို့အား ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်း အတည်ပြုပြီးနောက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျမ်းကျိန်လွှာအတိုင်း ဖက်ဒရယ်လွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုရမည်။

၂၅၈။ နိုင်ငံတကာသဘောတူညီချက်နှင့် စာချုပ်များကိစ္စ

(က) ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး တင်ပြလာသော နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်သော သို့တည်းမဟုတ် ဥပဒေပြုရန်အကြောင်းရှိသော နိုင်ငံတကာသဘောတူညီချက်ကို ဖက်ဒရယ်လွှတ်တော်က ဆက်လက်၍အတည်မပြုခဲ့သော် အဆိုပါ သဘောတူညီချက်သည် အတည်မဖြစ်စေရ။

(ခ) ဖက်ဒရယ်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခြင်းမပြုလျှင် မည်သည့်နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်ကိုမျှ ပြည်ထောင်စု၏ ဥပဒေတစ်စိတ်တစ်ဒေသ မဖြစ်စေရ။

၂၅၉။ လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း

(က) ဖက်ဒရယ်အောက်လွှတ်တော်သည် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) အနည်းဆုံး ဆယ်နှစ်တကြိမ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရမည်။

(ဂ) လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင် သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၆၀။ တရားဝင်ငွေကြေးနှင့် ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်

(က) နိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေသော ပုဂ္ဂိုလ်များဖြစ်သည့် ပြည်ထောင်စုသမ္မတ၊ ပြည်ထောင်စုဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ စသည်တို့သည် ၎င်းတို့ပိုင်ဆိုင်သောငွေကြေးနှင့် ပစ္စည်းဥစ္စာများကို ဖော်ပြရန်တာဝန်ရှိသည်။

(ခ) အထက်ပါ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ဖက်ဒရယ်လွှတ်တော်နှင့် သက်ဆိုင်ရာပြည်နယ်လွှတ်တော်များက ဥပဒေပြဋ္ဌာန်းပေးရမည်။

၂၆၁။ မဲဆန္ဒရှင်ပြည်သူ၏ ဆန္ဒဖော်ထုတ်ခွင့်

(က) နိုင်ငံသားတိုင်းသည် မိမိ၏ ထင်မြင်ယူဆချက်ကိုသော်လည်းကောင်း၊ အကြံပြုချက်ကိုသော်လည်းကောင်း တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ အာဏာပိုင် (သို့တည်းမဟုတ်) လွှတ်တော်တစ်ရပ်ရပ်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) အထက်ပုဒ်မခွဲ (က) နှင့် စပ်လျဉ်း၍ ဖက်ဒရယ်လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

၂၆၂။ ဌာနေမြေယာ သတ်မှတ်ခြင်း

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသား လူနည်းစုတို့၏ မိရိုးဖလာ နေထိုင်ပိုင်ဆိုင်ခဲ့ကြသည့် နယ်မြေကိုဖြစ်စေ၊ နယ်မြေ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အဆိုပါတိုင်းရင်းသားလူနည်းစု၏ ဌာနေမြေယာအဖြစ် သတ်မှတ်နိုင်သည်။

(ခ) ဌာနေမြေယာသတ်မှတ်ခြင်းကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ရမည်။

၂၆၃။ တရားခံလွှဲပြောင်းပေးအပ်ခြင်း

ပြည်နယ်တစ်ခုအတွင်း ပြစ်မှုကျူးလွန်ပြီးနောက် အခြားပြည်နယ်တစ်ခုသို့ ထွက်ပြေးရောက်ရှိသွားသော တရားခံတစ်ဦးအား ဖမ်းဆီးရမိထားသော ပြည်နယ်အစိုးရထံမှ သက်ဆိုင်ရာ ပြည်နယ်အစိုးရက မိမိပြည်နယ်သို့ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုလာပါက တရားခံအား လွှဲပြောင်းပေးအပ်ရမည်။ သို့ရာတွင် ထိုသို့ လွှဲပြောင်းပေးအပ်စေရန်ကိစ္စကို ဖမ်းဆီးရမိထားသော ပြည်နယ်အစိုးရအား အတင်းအကျပ်ပြုမှုခြင်း မရှိစေရ။

၂၆၄။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားရပ်များ၊ စကားစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ ရုံးသုံးစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်။

၂၆၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ ဗမာစာမူနှင့် အင်္ဂလိပ်စာမူတို့ကို ပြည်ထောင်စုမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာတည်စေရမည်။